မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်၊ ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာ ၂၁ ရက်၊ သောကြာနေ့၊ အတွဲ(၄၈)၊ အမှတ်(၅၂)

တပေါ်စ တော် မင်္ဂလ မုတ္တမံ

မြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည်
မြတ်သော မင်္ဂလာ မည်၏။

စီးပွားရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ရန်ကုန် နိုဝင်ဘာ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် China Chamber of International Commerce, Tianjin Chamber of Commerce တို့အကြား စီးပွားရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၈ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနား ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တီယန်ကျင်း မြူနီစီပယ်အစိုးရ ဒုတိယမြို့တော်ဝန် *စာမျက်နှာ ၃ ကော်လံ ၁* ●

မိုးထစ်ချုန်း ရွာမည်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့နေရာ ကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိပါသည်။ ရွာ ရန် ရာနှုန်း ၄၀ ဖြစ်ပါ သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နှင့် အင်းလေး၊ ပင်းတယကဲ့သို့ ထင်ရှားသောနေရာများသို့ ပြည်တွင်းပြည်ပခရီးသွားများ အများဆုံးလာရောက်လည်ပတ်လျက်ရှိရာ နိုင်ငံတော်မှ မိတ္ထီလာ-ကလော-တောင်ကြီးလမ်းပိုင်း ပြန်လည်ပြုပြင်ထိန်းသိမ်းရန်နှင့် အဆင့်မြှင့်တင် တိုးချဲ့ဖောက်လုပ်ခြင်းစီမံကိန်းကို ဤသို့အကောင်အထည်ဖော်နေသည်။ (မြန်မာ့အလင်း)



မိတ္ထီလာ-ကလော-တောင်ကြီးလမ်းပိုင်း ... (မြန်မာ့အလင်း)

မိတ္ထီလာ-ကလော-တောင်ကြီးကားလမ်း အဆင့်မြှင့်တင် တိုးချဲ့ဖောက်လုပ်နေပြီ

သုံးနှစ်အတွင်း နှစ်လမ်းသွားစနစ်ဖြင့် လျင်မြန်ချောမွေ့စွာ သွားလာနိုင်တော့မည်

ရန်ကုန် နိုဝင်ဘာ ၂၀

တောင်ကြီးခရီးစဉ်ကား ပထဝီသဘာဝအနေအထားအရ ရထားလမ်းနှင့် မော်တော်ကားလမ်းကိုသာ အလွယ်တကူ အသုံးပြုကြသည်။ အထူးသဖြင့် မော်တော်ကားလမ်းကိုသာ အဓိကအားကိုးအားထား ပြုရသည်။ တောင်ကြီးကားလမ်းခရီးစဉ်မှာ မြေပြန့်လမ်း၊ တောင်တက်လမ်း နှစ်မျိုးရောနေသည်။ တောင်တက်ခရီးလမ်းက ကြမ်းသည်၊ လမ်းကွေ့လမ်းကောက်များသည်။ ၁၂ ပေသာသာ ကျယ်သောလမ်းကလေးမှာ ကားနှစ်စီး မရှောင်သာ မတိမ်းသာ။ မျက်နှာချင်းဆိုင်က ကားလာသည်ကိုမြင်သည်နှင့် လမ်းနည်းနည်းကျယ်သည့်နေရာက ရပ်စောင့်နေရသည်။ မစောင့်လျှင်မှု ရှောင်ဖို့မလွယ်။ ညဘက်မောင်းရလျှင် ပို၍အန္တရာယ်များသည်။

အသွားအလာများ

တောင်ကြီးမြို့က ရှမ်းပြည်နယ်(တောင်ပိုင်း)၏ အထင်ကရဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးမှုကောင်းသည်။ ပြီးတော့ လမ်းပန်းဆက်သွယ်ရေး အချက်အချာကျသောနေရာ၊ တောင်ကြီးပတ်ဝန်းကျင်မြို့နယ်များက လိမ္မော်၊ မက်မန်း၊ ခရမ်းချဉ်၊ အာလူး၊ လက်ဖက် ဒေသထွက်ကုန်များ အမြောက် အမြားထွက်ရှိသည်။ အဆိုပါ ဒေသထွက်ကုန်များကို တောင်ကြီး-ကလောလမ်းမှ မြန်မာပြည်အရပ်ရပ်သို့ *စာမျက်နှာ ၉ ကော်လံ ၁* ✻

➢ သတင်းခရီးသည်နှင့် ဓာတ်ပုံမှတ်တမ်း - မောင်မောင်စိုး ➢ စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်(မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် နိုဝင်ဘာ ၂၁ ရက်)

စွန့်ပစ်ပစ္စည်းမှ ဇီဝဓာတ်ငွေ့သုံးစွဲနိုင်မှု ကျေးလက်ပြည်သူများအား ပညာပေးစည်းရုံး

နိုင်ငံတော်အစိုးရသည် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်လျက်ရှိရာ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး၊ သောက်သုံးရေ ရရှိရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးခဲ့ရာ ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာလျက် ရှိသည်။

ယခုအခါ ကျေးလက်ဒေသများတွင် ကျေးရွာများ မီးရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ၌ ဇီဝဓာတ်ငွေ့သုံး ဓာတ်ငွေ့ကန်များ တည်ဆောက်ခြင်းကို တီထွင်ကြံဆ ဆောင်ရွက်နိုင်ခဲ့သည်။

ဇီဝဓာတ်ငွေ့ကန်သည် တောင်သူများအတွက် မီးရရှိရုံသာမက ထမင်း၊ ဟင်းချက်ရာတွင် ထင်းအစားထိုး လောင်စာအဖြစ် အသုံးပြုနိုင်ပြီး စွန့်ပစ်ပစ္စည်းများကို မြေဩဇာအဖြစ် ပြန်လည်အသုံးပြုနိုင်၍ ငွေကြေးကုန်ကျစရိတ်နည်းပါးစွာ တည်ဆောက်နိုင်ကာ ဘက်စုံအသုံးဝင်သည့် လုပ်ငန်းတစ်ခု ဖြစ်သည်။

တစ်အိမ်ထောင်သုံး ဇီဝဓာတ်ငွေ့ကန်များသည် ကျေးရွာသုံး ဇီဝဓာတ်ငွေ့ကန်များအဖြစ် ကုန်ကြမ်း အလွယ်တကူရရှိသည့် နွားချေး၊ ဝက်ချေး၊ ကြက်ချေး စသည့် တိရစ္ဆာန်များ၏ စွန့်ပစ်ပစ္စည်းများကို အသုံးပြုပြီး ဇီဝဓာတ်ငွေ့ ထုတ်လုပ်သုံးစွဲခြင်း ဖြစ်သည်။ အိမ်ထောင်စုတစ်စုတွင် နွားငါးကောင်မှ ခုနစ်ကောင် သို့မဟုတ် ဝက်နှင့်ကျွဲများရှိပါက ကုန်ကြမ်းအစာအဖြစ် ရော၍အသုံးပြုနိုင်ကြောင်း သိရသည်။

ယခုအခါ ယင်းဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးရုံတွင် ကျေးရွာများ၌ အိမ်ထောင်စုအလိုက် မီးထွန်းရန်၊ ထမင်းဟင်းချက်ရန်၊ လယ်ယာမြေများ၌ မြေဩဇာအဖြစ် အသုံးပြုရန် သုတေသနပြု စမ်းသပ်ထားသည့် ဇီဝဓာတ်ငွေ့နှင့် ဇီဝသဘာဝမြေဩဇာ ထုတ်လုပ်မှုတို့ကို ပြုလုပ်လျက်ရှိပြီး ဇီဝဓာတ်ငွေ့ဖြင့် ကျေးလက်မီးလင်းရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ကျွဲနွားတိရစ္ဆာန်တို့၏ စွန့်ပစ်ပစ္စည်းမှ ထွက်ရှိသော ဇီဝဓာတ်ငွေ့ အသုံးချမှု၊ ဇီဝအရည်ဖြင့် စိုက်ပျိုးရေးတွင် အသုံးပြုခြင်းတို့သည် မိသားစု တစ်နိုင်တစ်ပိုင်လုပ်ငန်းအဖြစ် ကျေးလက်ပြည်သူများအား ပညာပေး စည်းရုံးဆောင်ရွက်သွားမည်ဆိုပါက ကျေးလက်ဒေသများ ပိုမို ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုအထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့ရများအသင်းကြီးမှူး အငြိမ်းစား ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့မည်

ရန်ကုန် နိုဝင်ဘာ ၂၀

စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့ရများအသင်းက ကြီးမှူး၍ (၁၀)ကြိမ်မြောက် အငြိမ်းစား ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၇ရက်(စနေနေ့) နံနက် ၈နာရီတွင် နေပြည်တော် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိန်ရတုခမ်းမရုံတွင်လည်းကောင်း၊ စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများ ပြန်လည်တွေ့ဆုံပွဲကို ညနေပိုင်းတွင်လည်းကောင်း ယခင်နှစ်များကဲ့သို့ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ စိုက်ပျိုးရေးဘွဲ့ရများ စုံညီစွာတက်ရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေနှင့် ပစ္စည်းများကို ဆက်သွယ်လှူဒါန်းနိုင်ရန်နှင့် ကျောင်းဆင်း ခုနှစ်အလိုက် ရန်ပုံငွေထည့်ဝင်ရန် ကျန်ရှိသည့်နှစ်များကလည်း အလှူငွေထည့်ဝင်နိုင်ရန်အတွက် ပါမောက္ခချုပ် ဒေါက်တာမြင့်သောင်း စိုက်ပျိုးရေးတက္ကသိုလ် ဖုန်း–၀၆၇–၄၁၆၅၁၆၊ တိုင်းမန်နေဂျာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရန်ကုန်တိုင်း ဖုန်း–၀၁–၆၆၄၁၇၄၊ တိုင်းမန်နေဂျာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန္တလေးတိုင်း ဖုန်း–၀၂–၃၁၇၉၃နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်နှင့်တိုင်း လုပ်ငန်းဌာနရုံးများနှင့် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်းမှ နှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြဝတီ ရုပ်မြင်သံကြား

၂၁–၁၁–၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၁၅	၄။	မဟာဂီတချိုကြည်မြ
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၃၀	၆။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၀	၇။	မြန်မာစာ မြန်မာစကား
၅း၀၀	၈။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	စောင့်မျှော်ရူစား ကြိုးဝိုင်းစကား
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံမဏိစိတ်ဓာတ်** (အပိုင်း–၂၄)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	စိုက်ပျိုးသုတ
	၂၀။	သာယာသီကြွေး ခေတ်ဆန်းတေး
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငါးကလေး** (အပိုင်း–၉)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေး ဆင့်ပွားသင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အသက်ရှူလမ်းကြောင်းမှ ကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေး ဆင့်ပွားသင်တန်းဖွင့်

နေပြည်တော် နိုဝင်ဘာ ၂၀

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေး ဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများ ကာကွယ်နှိမ်နင်းရေး ဆင့်ပွားသင်တန်း(Training of Trainers on Respiratory Infection Control) ဖွင့်ပွဲကို နိုဝင်ဘာ၁၈ရက် မွန်းလွဲ၂နာရီက နေပြည်တော်ရှိ ပြည်သူ့ဆေးရုံကြီး (ခုတင်–၁၀၀၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အမှာစကား ပြောကြားသည်။

သတင်းရရှိ

အဆိုပါသင်တန်းသို့ ပြည်နယ်နှင့် တိုင်း ကျန်းမာရေးဦးစီးဌာနမှူးများနှင့် ပြည်နယ်နှင့် တိုင်းအဆင့် ဆေးရုံအုပ်ကြီး ၃၈ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၁၉ရက်အထိဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆိုင်းဘုတ်ဖွင့်လှစ်

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ဂီတစည်းရုံးရေးကော်မတီ ဆိုင်းဘုတ်တင်ပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၇ရက်က အသင်းရုံးရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဇော်စိုးက ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁–၁၁–၂၀၀၈ (သောကြာနေ့)

AM & PM

၇း၀၀–၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅–၁း၀၅	**အစွမ်းထက်သောပရိတ်များ** တရားတော် [အရှင်နန္ဒောဘာသာဘိဝံသ (ကျိုက်ထိုဆရာတော်)]
၇း၅၅–၁း၅၅	Activities in the City (Acer ပစ္စည်းသစ်မိတ်ဆက်ပွဲ)
၈း၁၀–၂း၁၀	တေးဂီတအစီအစဉ်
၈း၁၅–၂း၁၅	VJ Choice
၈း၄၀–၂း၄၀	Fragrant Rice(အပိုင်း–၂)
၉း၁၀–၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀–၃း၂၀	ယနေ့သိပ္ပံနှင့်နည်းပညာ
၉း၃၀–၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅–၃း၃၅	မီကို၏တတိယအကြိမ် ကံထူးရှင်များရွေးချယ်ချီးမြှင့်ပွဲ
၉း၄၅–၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀–၃း၅၀	သင်ယူလေ့လာဂီတပညာ (Human Beat Box)
၁၀း၁၀–၄း၁၀	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၀း၃၀–၄း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅–၄း၃၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀–၄း၄၀	စားဖွယ်စုံလင် ဒေသအစားအစာအစီအစဉ် (အင်းလေးရိုးရာအစားအစာ)
၁၀း၅၅–၄း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀–၅း၁၀	**စီးဆင်းပါစေ မေတ္တာရည်** (မေကဗျာ၊ ဖူးဖူး)
၁၁း၂၀–၅း၂၀	Art Vision New Inspiration ပန်းချီပြပွဲ
၁၁း၃၅–၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀–၅း၄၀	စွမ်းရည်မြင့်မား လယ်ယာ(၁၆) လက်တွန်း ထွန်စက်တာယာများ
၁၂း၀၅–၆း၀၅	တေးဂီတအစီအစဉ်
၁၂း၁၀–၆း၁၀	Yangon Panorama (Sein Gay Har Hledan Centre ဖွင့်ပွဲအခမ်းအနား)
၁၂း၂၅–၆း၂၅	ကားချစ်သူတို့အတွက် ကားမိတ်ဆက်ကဏ္ဍ(၂)
၁၂း၃၅–၆း၃၅	လေလှိုင်းမှဖြေကြား ပရိသတ်များ အမေးစကား
၁၂း၅၅–၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀–၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တန်ဆောင်တိုင်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

လားရှိုး နိုဝင်ဘာ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ၂၀၀၈ခုနှစ် တန်ဆောင်တိုင်ပွဲ အခမ်းအနားကို လားရှိုးမြို့တွင် နိုဝင်ဘာ ၁၀ရက်မှ ၁၃ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ပျော်ရွှင်စွာဆင်နွှဲ

အခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဇနီး ဒေါ်ချယ်ရီ၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဒေသခံတိုင်းရင်းသား ပြည်သူများ၊ လားရှိုးမြို့ပေါ်ရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်း၍ မီးရှူးမီးပန်းများ လွှတ်တင်ပစ်ဖောက်ခြင်း၊ မီးပုံးပျံ အလုံး ၂၀၀ကျော် လွှတ်တင်ခြင်းဖြင့် တန်ဆောင်တိုင် မီးပုံးပျံပွဲကို ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်။

ယဉ်ကျေးမှုပဒေသာကပွဲ

လားရှိုးမြို့ပေါ်တွင် နိုဝင်ဘာ ၁၀ရက်မှ ၁၃ရက်အထိ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ရပ်ကွက်များတွင် ဆီမီးရောင်စုံများ ထိန်ထိန်ညီး ထွန်းညှိပူဇော်ကြပြီး ယဉ်ကျေးမှုပဒေသာကပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ **(ပြည်နယ် ပြန်/ဆက်)**

ကောင်းသောစိတ်သည်သာလျှင် ချမ်းသာသုခကိုပေးစွမ်းနိုင်၏

လောကီ၊ လောကုတ္တရာနှစ်ဖြာသော သုခ ချမ်းသာမျိုးကို မိခင်သည်လည်း မပေးနိုင်၊ ဖခင်သည်လည်း မပေးနိုင်၊ ဆွေမျိုးတို့သည်လည်း မပေးနိုင်။

ကောင်းစွာစောင့်ရှောက်၊ ဆောက်တည်အပ်သော စိတ်သည်သာလျှင် မိဘ၊ဆွေမျိုးတို့ထက် ပိုမို၍ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးစွမ်းနိုင်၏။

ဓမ္မပဒ(၄၄)

ခေတ်မီအော်တိုလိုင်း ၃၀၀ တပ်ဆင်ထားသည့် ရေနံချောင်းစက်မှုဇုန် အော်တိုအိတ်ချိန်း

သတင်းမှတ်စု-ကျော်စိန် ဓာတ်ပုံ-အောင်သန်း(မင်္ဂလာတောင်ညွန့်) စာမျက်နှာဖွဲ့စည်းမှု-တိုးလွင်

ရန်ကုန် နိုဝင်ဘာ ၂၀

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် မြို့ပြနှင့် ကျေးလက်ပါ ဆက်သွယ်ရေးလုပ်ငန်းကို ရရှိခံစားနိုင်ရန်အတွက် ပြည်နယ်နှင့်တိုင်းအနှံ့ ဆက်သွယ်ရေးစခန်းများကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။ မြန်မာ့အလင်းသတင်းအဖွဲ့ ရေနံချောင်းမြို့ စက်မှုဇုန်သို့ ရောက်ရှိစဉ် ရေနံချောင်းစက်မှုဇုန်အော်တိုအိတ်ချိန်းကို တွေ့ရှိရသဖြင့် ဝင်ရောက်လေ့လာခဲ့ကြသည်။

ဖွင့်လှစ်

ရေနံချောင်းစက်မှုဇုန် အော်တိုအိတ်ချိန်းကို ယခုနှစ် ဩဂုတ် ၂၅ရက်က ဖွင့်လှစ်ခဲ့သည်။ ယခင်က အိတ်ချိန်းမှတစ်ဆင့် ခေါ်ယူပြောဆိုရသော လက်လှည့်ဖုန်းများ၏နေရာတွင် ခေတ်မီအော်တိုလိုင်း ၃၀၀ ကို အစားထိုးပြောင်းလဲတပ်ဆင်ခဲ့ရာ ၂၅၄ လုံး တပ်ဆင်ပြီးဖြစ်သည်။

တပ်ဆင်ထား

ရေနံချောင်းနှင့် မကွေး ဆက်သွယ်အသုံးပြုနိုင်ရန် အော်တိုလိုင်းအဝင် ၆၀နှင့် အထွက် ၆၀ တပ်ဆင်ထားသည်။ ရေနံချောင်း စက်မှုဇုန်တွင် အော်တိုလိုင်းအဝင် ၃၀နှင့် အထွက် ၃၀ ပေါင်း အော်တိုလိုင်း ၆၀ တပ်ဆင်ထားကြောင်း တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်မင်းက မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားခဲ့သည်။ ။ **(မြန်မာ့အလင်း)**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရေနံချောင်းစက်မှုဇုန် အော်တိုတယ်လီဖုန်းအိတ်ချိန်းကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

ကလောမြို့မဈေး အိုင်အိုဒင်းဆား ရောင်းချမှုစစ်ဆေး

ကလော နိုဝင်ဘာ ၂၀

အောက်တိုဘာ၈ရက်က ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ခင်မောင်ဦး ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများနှင့် စည်ပင်သာယာရေးဝန်ထမ်းများ ပူးပေါင်းပြီး မြို့နယ်အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် အိုင်အိုဒင်းဆား ရောင်းချမှုနှင့် အိုင်အိုဒင်းဆားပါဝင်မှု စစ်ဆေးခြင်းလုပ်ငန်းကို ကလောမြို့မဈေးတွင် စစ်ဆေးဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဒဂုံမြို့သစ်(အရှေ့ပိုင်း) အထက(၂)၌ ပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၀

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးမှူးရုံးတို့ ပူးပေါင်းကြီးမှူးပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်ချက်မြင့်မားရေး ဦးတည်ချက်ဖြင့် ပညာပေးဟောပြောပွဲကို အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂) အစည်းအဝေးခန်းမ၌ ယနေ့နံနက်၁၀နာရီက ကျင်းပသည်။

တက်ရောက်

ဟောပြောပွဲသို့ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးညွန့်၊ မြို့နယ်ပညာရေးမှူး ဦးလက်ကျင်ခုပ်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စောဝင်း၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးလက်ကျင်ခုပ်**(အပေါ်ပုံ)**က အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးညွန့်က "မိမိဘဝကို ဘယ်လိုမြှင့်တင်မလဲ" ခေါင်းစဉ်ဖြင့် ဟောပြောကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စောဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၀

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း Technical Division (4)က ကြီးမှူးကျင်းပသော (1) Introduction of "How to Design a Small Horizontal Axis Wind Turbine", (2) "Design Analysis of 3kW Arial Flow Turbine", (3) Study on Simulation of Pressure and Temperature in the Receivers SI Engine of Turbocharged" စာတမ်းများကို နိုဝင်ဘာ ၂၂ရက် (စနေနေ့) နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ တက္ကသိုလ်များ(လှိုင်နယ်မြေ) လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

အဆိုပါ စာတမ်းဖတ်ပွဲကို စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ်သိလိုသော အချက်အလက်များကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဖုန်း-၅၁၉၆၇၃-၆သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

ကားတိမ်းမှောက်

အမှတ်(၆၁)လိုင်းကား လှိုင်သာယာမြို့နယ် ကြည်တန်းကျေးရွာအနီး တိမ်းမှောက်သွားသည်ကို အောက်တိုဘာ ၁၉ရက် နံနက်က တွေ့ရစဉ်။ (၁၀၃)



● *ရှေ့ဖုံးမှ*

Mr. Wang Zhi Ping တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် China Chamber of International Commerce, Tianjin Chamber of Commerce ဥက္ကဋ္ဌ Mr. Zhao Xueming တို့သည် စီးပွားရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။ **(သတင်းစဉ်)**

လားရှိုးမြို့ စည်ပင်သာယာ ရေစီးရေလာကောင်းမွန်ရေးစစ်ဆေး

လားရှိုး နိုဝင်ဘာ ၂၀

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေစီးရေလာ ကောင်းမွန်ရေး လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ အေးသာယာလမ်း ရေကျော်ပြုလုပ်ရန် တိုင်းတာခြင်းလုပ်ငန်းကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတိုးဝင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဟန်က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ထွန်းဖောင်ဒေးရှင်း ပြိုင်ပွဲဝင်ပန်းချီကားများလက်ခံနေပြီ

ရန်ကုန် နိုဝင်ဘာ ၂၀

အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ထူးချွန်ထက်မြက်သော မျိုးဆက်သစ်လူငယ် အနုပညာရှင်များ ပေါ်ထွက်လာစေရန်၊ ပန်းချီပညာဖြင့် မြန်မာ့ယဉ်ကျေးမှုဂုဏ်ဒြပ်ကို ပိုမိုထွန်းပြောင်လာစေရန်ဟူသော ရည်ရွယ်ချက်များထား၍ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)၏ ကူညီမှုဖြင့် ထွန်းဖောင်ဒေးရှင်းဘဏ်က စီစဉ်ကျင်းပသည့် Best Paintings of the Year 2008 ပန်းချီပြိုင်ပွဲ၊ ပြပွဲအတွက် ဓာတ်ပုံနှင့် စီဒီပေးပို့ထားသော ပြိုင်ပွဲဝင် ပန်းချီပညာရှင်များအားလုံး၏ မူရင်းပန်းချီကားများကို ပန်းချီကားရှေ့ဘက်၌ လက်မှတ်ရေးထိုးလျက် ချိတ်ဆွဲခင်းကျင်းပြသမည်ဖြစ်ရာ ပေါင်ပါလျှင် ပိုမိုကောင်းမွန်သည်။ ပန်းချီကားများကို နိုဝင်ဘာ၂၀ရက်မှ ဒီဇင်ဘာ၂ရက်အထိ (စနေ၊ တနင်္ဂနွေမပါ) ရုံးချိန်အတွင်း သိမ်ဖြူလမ်းနှင့် ကမ်းနားလမ်းထောင့်ရုံးသို့ပို့ကြရန် ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီက ထုတ်ပြန်ကြေညာထားသည်။

(မြန်မာ့အလင်း)

ကျူးဘားခေါင်းဆောင် ဖီဒယ်ကတ်စထရို တရုတ်သမ္မတ ဟူကျင်တောင်နှင့်တွေ့ဆုံ

ဟာဗားနား နိုဝင်ဘာ ၂၀

တရုတ်သမ္မတဟူကျင်တောင်သည် ဟာဗားနားမြို့၌ ကျူးဘားကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပထမအတွင်းရေးမှူး ဖီဒယ်ကတ်စထရိုအား နိုဝင်ဘာ ၁၈ရက်က တွေ့ဆုံသည်။

ခေါင်းဆောင်နှစ်ဦးတို့ နွေးထွေးစွာနှုတ်ဆက်ကြပြီး ချစ်ကြည်ရင်းနှီးစွာ အချိန်အတန်ကြာ ဆွေးနွေးကြသည်။

လက်တွဲကြိုးပမ်း

သမ္မတဟူကျင်တောင်က မိမိတို့နှစ်နိုင်ငံဆက်ဆံရေးမှာ နိုင်ငံတကာအခြေအနေ အမျိုးမျိုးပြောင်းလဲမှုကို ကြံ့ကြံ့ခံကာ မယိမ်းမယိုင် အစဉ်ခိုင်မြဲလျက်ရှိကြောင်း၊ ယင်းသို့ ခိုင်မာရခြင်းမှာ မော်စီတုန်း၊ တိန့်ရှောင်ဖိန်၊ ကျန်ဇီမင်းအပါအဝင် တရုတ်ခေါင်းဆောင်များနှင့်တကွ ဖီဒယ်ကတ်စထရိုနှင့် အခြားသော ကျူးဘားခေါင်းဆောင်များ၏ နှစ်နိုင်ငံဆက်ဆံရေးကို ပြုစုပျိုးထောင်အားပေးရန် လက်တွဲကြိုးပမ်းခဲ့ကြခြင်းဖြစ်ကြောင်း ပြောကြားလိုက်သည်။

လမ်းညွှန်

နှစ်နိုင်ငံပြည်သူများနှင့် ပါတီများအကြား ညီရင်းအစ်ကိုချစ်ကြည်ရေးမှာ နှစ်နိုင်ငံ ပြည်သူတို့၏ အသည်းနှလုံးတွင် ခိုင်မာစွာ အမြစ်တွယ်လာကြောင်း၊ မေ ၁၂ရက် တရုတ်ငလျင်ဘေးကြုံတွေ့စဉ်က ကျူးဘားဆေးအဖွဲ့တစ်ဖွဲ့ စေလွှတ်ရန် ဖီဒယ်ကတ်စထရိုက အမိန့်ပေးခဲ့ပြီးနောက် ဖုန်းဖြင့် လမ်းညွှန်မှုများပေးခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားသည်။

အခိုင်အမာရပ်တည်

ထို့ပြင် ဖီဒယ်ကတ်စထရိုက တရုတ်ပြည်နှင့် ပတ်သက်သည့် အရေးတကြီးကိစ္စများတွင် တရုတ်ပြည်ဘက်မှ အခိုင်အမာရပ်တည်ခဲ့ခြင်းအတွက်လည်း များစွာကျေးဇူးတင်ရှိပါကြောင်း တရုတ်သမ္မတကြီးက ပြောကြားသည်။ **အမ်အင်န်အေဆင်ဟွာ**

အီဂျစ်တောင်ပိုင်း၌ ကားဗုံးပေါက်ကွဲ

အီဂျစ်နိုင်ငံတောင်ပိုင်း အမာရာမြို့တွင် နိုဝင်ဘာ ၁၇ရက်က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(အဆိုပါ ကားဗုံးပေါက်ကွဲမှုကြောင့် ယင်းဒေသရှိ အရပ်သား ၁၇ဦးဒဏ်ရာရရှိခဲ့သည်။) (အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ပက်ရှဝါမြို့တွင် နိုဝင်ဘာ ၁၅ရက်က ပစ်ခတ်မှုဖြစ်ပွားပြီးနောက်ဒဏ်ရာရသူတစ်ဦးအား ဆေးရုံ၌တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဟီလာရီကလင်တန် အိုဘားမား၏အစိုးရအဖွဲ့တွင်ပါဝင်ရေး သမ္မတဟောင်း ဘီလ်ကလင်တန်အပေါ် မူတည်လျက်ရှိဟုဆို

ဟီလာရီကလင်တန်နှင့်အိုဘားမား

ဝါရှင်တန် နိုဝင်ဘာ ၂၀

အမေရိကန်သမ္မတ အဖြစ် ရွေးချယ်ခံထားရသည့် အိုဘားမားက အထက်လွှတ်တော် အမတ် ဟီလာရီကလင်တန်ကို ၎င်း၏အစိုးရအဖွဲ့တွင် နိုင်ငံခြားရေး ဝန်ကြီး အဖြစ် တာဝန်ပေးလျှင် လက်ခံရေး၊မခံရေးမှာ ဟီလာရီ၏ ခင်ပွန်းဖြစ်သည့် သမ္မတဟောင်း ဘီလ်ကလင်တန်၏ လုပ်ငန်းသဘာဝအပေါ် မူတည်လိမ့်မည်ဖြစ်သည်။

၂၀၀၉ခုနှစ် ဇန်နဝါရီ ၂၀ရက်တွင် အာဏာလွှဲယူမည့် သူ့အစိုးရအဖွဲ့၌ အိုဘားမားက စွမ်းရည်မြင့်မားသူများပါဝင်ရေး ကြိုးပမ်းသည့်အနေဖြင့် နိုင်ငံခြားရေးဝန်ကြီးရာထူးအတွက် ဆွေးနွေးရန် ပြိုင်ဘက်ဟောင်း ဟီလာရီကလင်တန်နှင့် လွန်ခဲ့သည့် နိုဝင်ဘာ ၁၃ရက်က တွေ့ဆုံခဲ့သည်။

တွေ့ဆုံကမ်းလှမ်း

ထို့ပြင် သမ္မတကလင်တန် လက်ထက်က ဒုတိယရှေ့နေချုပ်အဖြစ် တာဝန်ယူခဲ့သူ အဲရစ်ဟိုးလ်ဒါးကိုလည်း အမေရိကန်ရှေ့နေချုပ်ရာထူးအတွက် အိုဘားမားက တွေ့ဆုံကမ်းလှမ်းခဲ့သဖြင့် အဲရစ်ဟိုးလ်ဒါးက လက်ခံလိုက်ပြီဟု ထိပ်တန်းဒီမိုကရက်တစ်ဦးက ပြောကြားသည်။

အိုဘားမားသမ္မတအဖြစ် ဆောင်ရွက်သည့် အမေရိကန်အစိုးရအဖွဲ့၌ ဟီလာရီကလင်တန် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ယူရေးမှာ သမ္မတဟောင်းဘီလ်ကလင်တန်၏ နိုင်ငံတကာ ပရဟိတလုပ်ငန်းများနှင့် အကျိုးစီးပွားချင်း ကွဲပြားဆန့်ကျင်မှုဖြစ်မဖြစ်အပေါ် မူတည်ဆုံးဖြတ်ရမည်ဟုယူဆသည်။ ဘီလ်ကလင်တန်၏ ဝီလျံဂျက်ဖာဆန် ကလင်တန် ဖောင်ဒေးရှင်းက အေအိုင်ဒီအက်စ်နှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေး၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးတို့ကို ပံ့ပိုးဆောင်ရွက်လျက်ရှိသည်။ **အမ်အင်န်အေရိုက်တာ**

အထက်လွှတ်တော်အမတ် မက်ကိန်း မူလတာဝန်များ ပြန်လည်ထမ်းဆောင်

ဝါရှင်တန် နိုဝင်ဘာ ၂၀

အမေရိကန်သမ္မတ ရွေးကောက်ပွဲ၌ အိုဘားမားနှင့် ယှဉ်ပြိုင်အရှုံးပေးလိုက်ရသူ အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းသည် နိုဝင်ဘာ ၁၈ရက်က အမေရိကန်အထက်လွှတ်တော်သို့ ပြန်လာပြီဖြစ်သည်။

ရွေးကောက်ပွဲဝင်ရန် တစ်နှစ်လုံး မဲဆွယ်စည်းရုံး အချိန်ကုန်ခဲ့ပြီးနောက် ဂျွန်မက်ကိန်း ယခုကဲ့သို့ မူလတာဝန်ကို ပြန်လည်ထမ်းဆောင်ခြင်း ဖြစ်သည်။

သိရ

ဂျွန်မက်ကိန်း၏ အထက်လွှတ်တော် အမတ်သက်တမ်းမှာ ယခုအချိန်သည် စတုတ္ထအကြိမ် သက်တမ်းပင် ရှိနေပြီဟု သိရသည်။ **အမ်အင်န်အေဆင်ဟွာ**

မိုဆူးလ်မြို့၌ ကားဗုံးခွဲတိုက်ခိုက် နှစ်ဦးဒဏ်ရာရ

မိုဆူးလ် နိုဝင်ဘာ ၂၀

အီရတ်နိုင်ငံ မိုဆူးလ်မြို့အရှေ့ပိုင်းတွင် နိုဝင်ဘာ ၁၉ရက်က ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲသတင်းရပ်ကွက်တစ်ခုက ထုတ်ဖော်ပြောကြားခဲ့သည်။

မိုဆူးလ်မြို့အရှေ့ပိုင်း ကိုကီဂလီအရပ်တွင် ရဲတပ်ဖွဲ့ကင်းလှည့်ကားကို ပစ်မှတ်ထားလျက် အသေခံဗုံးခွဲသမားတစ်ဦးက ဖောက်ခွဲရေးပစ္စည်းများ အပြည့်အသိပ်တင်ဆောင်ထားသောကားဖြင့် ဖောက်ခွဲတိုက်ခိုက်ရာမှ အဆိုပါဖြစ်ရပ် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရခဲ့ကြောင်း သိရသည်။ မိုဆူးလ်မြို့သည် နိနီဝါပြည်နယ်၏ မြို့တော်ဖြစ်ပြီး ဘဂ္ဂဒက်မြို့မြောက်ဘက် ၄၀၅ကီလိုမီတာအကွာတွင် တည်ရှိသည်။ **(အင်တာနက်)**

တီကရစ်မြို့၌ ပစ်ခတ်မှုဖြစ်ပွား သေနတ်သမားလေးဦးသေဆုံး

တီကရစ် နိုဝင်ဘာ ၂၀

အီရတ်နိုင်ငံ ဆာလက်ချ်အယ်လ်ဒင်ပြည်နယ် တီကရစ်မြို့ အရှေ့ဘက်တွင် ဒေသခံများနှင့် သေနတ်သမားများအကြား အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားရာ သေနတ်သမား လေးဦးသေဆုံးခဲ့ကြောင်း ယင်းပြည်နယ်မှလာသော သတင်းတစ်ရပ်တွင် ဖော်ပြသည်။

တီကရစ်မြို့၏ အရှေ့ဘက်ကီလိုမီတာ ၂၀အကွာ အယ်လ်ဒိုရာမြို့ ဆင်ခြေဖုံးအရပ်ရှိ အယ်လ်နာမာကျေးရွာအနီး အဝေးပြေးလမ်းမကြီးပေါ်ရှိ စစ်ဆေးရေးဂိတ်ကို သေနတ်သမားတစ်စုက ဝင်ရောက်စီးနင်းရန်ကြိုးပမ်းရာမှ ဒေသခံများနှင့် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း ယင်းဒေသ သတင်းရပ်ကွက်တစ်ခုက အဆွတ်အယ်လ် အီရတ်ဌာနသို့ ပြောကြားသည်။

သေနတ်သမားလေးဦးသေဆုံးကာ ကျန်တစ်ဦးမှာဒဏ်ရာရပြီး အဖမ်းခံခဲ့ရကြောင်းလည်း ပြောကြားခဲ့သည်။ ဆာလက်ချ်အယ်လ်ဒင်ပြည်နယ်၏ မြို့တော် တီကရစ်မြို့သည် ဘဂ္ဂဒက်မြို့၏ မြောက်ဘက် ၁၇၅ကီလိုမီတာ အကွာတွင် တည်ရှိသည်။ **(အင်တာနက်)**

ဘာရာဇီးနိုင်ငံ တောင်ပိုင်း၌ ဆေးခြောက်များ သိမ်းဆည်းရမိ

ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၂၀

ဘာရာဇီးနိုင်ငံတောင်ပိုင်းမှ ဆေးခြောက် ၅၈၆ ကီလိုဂရမ်ကို ရဲတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၁၇ရက်တွင် ဖမ်းမိကြောင်း ဘာရာဇီးသတင်းစာများက နိုဝင်ဘာ ၁၈ရက်၌ ဖော်ပြသည်။

ဖမ်းမိ

မေလအတွင်းက ဆန်တာကာတာရီနာပြည်နယ်အတွင်းမှ ဆေးခြောက်တစ်တန် ဖမ်းမိပြီးနောက် ယခုထပ်မံဖမ်းမိလိုက်ခြင်း ဖြစ်သည်။

ကျခံ

ဖမ်းမိဆေးခြောက်များနှင့် ပတ်သက်၍ မသင်္ကာသူနှစ်ဦးကိုလည်း ဖမ်းဆီးလိုက်သည်။ ပြစ်မှုထင်ရှားလျှင် ထောင်ဒဏ် ငါးနှစ်မှ ၁၅နှစ်အထိ ကျခံရဖွယ်ရှိသည်။ **အမ်အင်န်အေဆင်ဟွာ**

တိုက်ခိုက်မှုဖြစ်ပွား

အာဖဂန်နစ္စတန်နိုင်ငံ နန်ဂါဟာပြည်နယ် ဘက်တီကော့ထ်ခရိုင်တွင် နိုဝင်ဘာ ၁၃ရက်က အမေရိကန်စစ်ယာဉ်တန်းအား ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် မီးလောင်ပျက်စီးသွားသော ကားတစ်စီးကို တွေ့ရစဉ်။

(အဆိုပါ ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအပါအဝင် ၂၁ဦး သေဆုံးပြီး အရပ်သား ၇၄ဦး ဒဏ်ရာရခဲ့သည်။) (အင်တာနက်ဓာတ်ပုံ)

အမေရိကန်တို့ ဝေဟင်မှ ဒုံးကျည်ဖြင့်ပစ်ခတ်မှု ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ငါးဦးသေဆုံး

အစ္စလမ္မာဘတ် နိုဝင်ဘာ ၂၀

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း၌ အမေရိကန် မောင်းသူမဲ့လေယာဉ်၏ ဒုံးကျည်ပစ်ခတ်မှုကြောင့် အနည်းဆုံး ငါးဦး သေဆုံးကြောင်း လုံခြုံရေးအရာရှိများက နိုဝင်ဘာ ၁၉ရက်တွင် ပြောကြားသည်။

လက်တွဲကြိုးပမ်း

ဒုံးကျည်ပစ်ခတ်မှုကြောင့် ဘန်နူခရိုင်အတွင်းမှ လူနေအိမ်တစ်လုံး ပျက်စီးသွားကြောင်း လုံခြုံရေးအရာရှိများက ပြောကြားသည်။

သေဆုံးသူများတွင် အယ်လ်ခိုင်ဒါ စစ်သွေးကြွနှစ်ဦးပါဝင်သည်ဟု ဆိုသည်။

ပိုမိုမြင့်မား

မကြာမီရက်များအတွင်းက အမေရိကန်တို့ ဒုံးကျည်ဖြင့် ပစ်ခတ်မှုကြောင့် စစ်သွေးကြွများနှင့် အရပ်သားများ အပါအဝင် စုစုပေါင်း ၁၀၀ကျော် သေဆုံးခဲ့ရသည်ဟု သိရသည်။ အမေရိကန်တို့၏ ထိုလုပ်ရပ်ကြောင့် ပါကစ္စတန်၌ အမေရိကန်ဆန့်ကျင်ရေး စိတ်ဓာတ်များ ပိုမိုမြင့်မားလာသည်ဟု ဆိုသည်။ **(အင်တာနက်)**

ဇီဝသိပ္ပံ

နှစ်ပေါင်း ၁၆၄ သန်းခန့်က လိပ်ကျောက်ဖြစ်ရုပ်ကြွင်း စကော့တလန်ကျွန်းတစ်ကျွန်းတွင် တွေ့ရှိခဲ့ရ

လန်ဒန် နိုဝင်ဘာ ၂၀

စကော့တလန်နိုင်ငံ ကျွန်တစ်ကျွန်း၌ နိုဝင်ဘာ ၁၉ရက်က ရှေးခေတ် လိပ်ပုံတစ်ကောင်၏ ဦးခေါင်းခွံတစ်ခု**(အောက်ပုံ)**ကို တွေ့ရှိခဲ့ရကြောင်း စကော့တလန် သုတေသနပညာရှင်များက ပြောကြားသည်။

နှစ် ၁၆၄ သန်းခန့်က

သုတေသနပညာရှင်များ၏ လေ့လာချက်အရ အဆိုပါလိပ်ဦးခေါင်း ကျောက်ဖြစ်ရုပ်ကြွင်းသည် လွန်ခဲ့သောနှစ် ၁၆၄သန်းခန့်က အသက်ရှင် ကျက်စားခဲ့သော လိပ်တစ်ကောင်ဖြစ်ကြောင်း သိရသည်။

အသွင်သဏ္ဌာန်တူ

သို့သော် ယခုတွေ့ရှိရသော ကျောက်ဖြစ်ရုပ်ကြွင်းမှာ ရှေးခေတ်ကျောက်ဖြစ်လိပ်ရုပ်ကြွင်းတစ်ခုဖြစ်သော်လည်း ယခုခေတ်၌ မြင်တွေ့ရသော လိပ်မျိုးစိတ်များနှင့် အသွင်သဏ္ဌာန်တူညီကြောင်း၊ အဆိုပါကျွန်းစုကမ်းခြေ၌ ကျောက်တုံးကျောက်ခဲများအကြား တွေ့ရှိခဲ့ကြခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ကုန်းနေရေနေသတ္တဝါ

ယခု ကျောက်ဖြစ်ရုပ်ကြွင်းကို စနစ်တကျ သုတေသနပြုခဲ့ရာ ကမ္ဘာပေါ်ရှိ လိပ်မျိုးစိတ်များအနက် အစောဆုံး အသက်ရှင်သန် ကျက်စားခဲ့သည့် လိပ်မျိုးဖြစ်ပြီး ကုန်းနေရေနေ သတ္တဝါမျိုးဖြစ်ကြောင်း သိရသည်။

ထို့အပြင် ခန္ဓာကိုယ် အရွယ်အစားကြီးမားပြီး သတ္တဝါငယ်များကို စားသောက်ခြင်းဖြင့် အုပ်စုဖွဲ့မနေဘဲ တစ်ကောင်တည်း နေထိုင်ကျင်လည်ကျက်စားကာ ကုန်းရောရေပြင်၌ပါ သွားလာနေတတ်သည့် လိပ်မျိုးဖြစ်ကြောင်း စကော့တလန်သုတေသန ပညာရှင်များက ပြောကြားသည်။ **(အင်တာနက်)**



အင်တာနက် ကျန်းမာရေး

မိုးသည်းထန်သောဒေသမှ ကလေးများ စိတ်ရောဂါရရှိနိုင်

စိုစွတ်သော ရာသီဥတုရှိရာအရပ်၌ နေထိုင်ကြီးပြင်းရသော ကလေးငယ်များသည် အသက်အရွယ်ရလာသော အချိန်တွင် စိတ်ဝေဒနာ ခံစားရတတ်သူများ ဖြစ်နေတတ်ကြကြောင်း မကြာမီက ကျင်းပသော အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာသုတေသနပြုချက်တစ်ရပ်၌ ဖော်ပြထားသည်။

ပြောကြား

မွေးဖွားပြီးအချိန်မှ သုံးနှစ်အတွင်း ကလေးငယ်များသည် နေ့စဉ်မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် စိုစွတ်မှုရှိသော ရာသီဥတုရှိရာအရပ်၌ နေထိုင်ခြင်းသည် ရာသီဥတုအနေအထားအရ စိတ်ပိုင်းဆိုင်ရာ



ချို့တဲ့မှုကို အားပေးရာရောက်ကြောင်း ၎င်းတို့က ပြောကြားသည်။

ဖြစ်ပွားစေ

တစ်နှစ်ပတ်လုံး မိုးအဆက်မပြတ် ရွာသွန်းမှုရှိသောအရပ်၌ နေထိုင်ခြင်းသည် ကလေးငယ်များအတွက် စိတ်ချောက်ချားမှုဖြစ်စေသည့်အပြင် နှလုံးရောဂါကိုလည်း ဖြစ်ပွားစေကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

ရှိနေသင့်

မိုးသည်းထန်စွာ ရွာသွန်းသည့်အချိန်တွင် ကလေးငယ်များအား နေအိမ်အတွင်း တစ်ဦးတည်းမထားဘဲ မိခင်သို့မဟုတ် ဖခင်တစ်ဦးဦးနှင့်သော်လည်းကောင်း၊ မိသားစုဝင်များနှင့်အတူ နေထိုင်၍သော်လည်းကောင်း ရှိနေသင့်ကြောင်း အကြံပြုထားသည်။ ။

ဘဝအမောပြေ

ကျွမ်းကျင်သူပါတယ် ....

အကြွားသန်သော သူဌေးတစ်ဦးသည် စင်းလုံးငှားလေယာဉ်တစ်စင်းဖြင့် ခရီးထွက်လာရာ လမ်းခရီး၌ လေယာဉ်မှူးနှင့် စကားပြောလေသည်။

သူဌေး ။ ။ ဘယ်ပညာရပ်မဆို တတ်ထားသင့်တယ်။

လေယာဉ်မှူး ။ ။ မှန်ပါတယ်ခင်ဗျာ...။

သူဌေး ။ ။ ကျွန်ုပ်ဘဝမှာ မတတ်တဲ့အတတ်ပညာမရှိအောင် သင်ထားခဲ့တယ်...။

လေယာဉ်မှူး ။ ။ တော်ပါပေတယ်...။

သူဌေး ။ ။ ကျွန်ုပ်က လေယာဉ်လဲ ကောင်းကောင်းမောင်းတတ်တယ်။

လေယာဉ်မှူး ။ ။ ဩော်...ဒါကြောင့်ထင်တယ်...ကျွန်တော့်အနေနဲ့ မျက်စိမမြင်၊ လေယာဉ်မောင်း မကျွမ်းကျင်ပေမယ့် ဒီခရီးစဉ်မှာ လေယာဉ်မောင်း ကျွမ်းကျင်တဲ့ ခရီးသည်ပါတယ်လို့ ကုမ္ပဏီက မှာလိုက်တာကိုး...။

သူဌေး ။ ။ **'ဟိုက်'**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ယဉ်ကျေးမှု အမွေအနှစ်များ ပြည့်လျှမ်းနေသော ပိုလန်

သတင်းအက်ဆေး

ပိုလန်နိုင်ငံသည် ဥရောပအလယ်ပိုင်း အရှေ့ဘက် ဘောလ်တစ်ပင်လယ်ဒေသတွင်တည်ရှိသည်။ ဂုဏ်ယူဖွယ် ယဉ်ကျေးမှု အမွေအနှစ်များဖြင့် ပြည့်လျှမ်းနေသည့် ဤနိုင်ငံသည် လွန်ခဲ့သည့်နှစ်ပေါင်း ၁၀၀၀ကျော်ကပင် ဤနေရာ၊ ဤဌာန၌ တည်ရှိ ထင်ရှားခဲ့သည်။ ဥရောပတိုက် အလယ်ပိုင်း၌ တည်ရှိသည့် ဤနိုင်ငံမှာ ဆူဆူပူပူနှင့် ကြမ်းကြုတ်သော ကာလများကို ဖြတ်သန်းခဲ့ရသည်။

သေဆုံးရ

လွတ်လပ်ရေးရရှိသည့် ကာလများ ရှိသကဲ့သို့ တိုင်းတစ်ပါး၏ လက်အောက်ရောက်ခဲ့ရသည်များလည်း ရှိသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းတွင် ပိုလန်ပြည်သူ သုံးလေးသန်း သေဆုံးရသည်။ ၎င်းတို့အနက် ထက်ဝက်မှာ ဂျူးလူမျိုးများ ဖြစ်သည်။

တွန်းလှန်

၁၉၁၈ခုနှစ်တွင် ပထမကမ္ဘာစစ်ကြီး ပြီးဆုံးသောအခါ လွတ်လပ်သည့် ပိုလန်နိုင်ငံ တည်ထောင်သည်။ မာရှယ်ဂျိုးဇက် ပီလ်ဆူစကီး နိုင်ငံတော် အကြီးအကဲဖြစ်လာသည်။ ၁၉၂၀ပြည့်နှစ်တွင် ဆိုဗီယက်တပ်နီတော် ထိုးစစ်ကို တွန်းလှန်သည်။ ၁၉၂၆ခုနှစ်တွင် ပီလ်ဆူစကီးက စစ်ဘက်အာဏာသိမ်းစေပြီးနောက် သက်ဦးဆံပိုင်ဆန်ဆန် ကိုးနှစ်ကြာ အုပ်ချုပ်သည်။

၁၉၃၂ခုနှစ်တွင် ပိုလန်က ဆိုဗီယက်ပြည်ထောင်စုနှင့် မကျူးကျော်ရေး စာချုပ် ချုပ်ဆိုသည်။ ၁၉၃၄ ခုနှစ်တွင် နာဇီဂျာမနီနှင့်လည်း အလားတူ ၁၀နှစ်ကြာ မကျူးကျော်ရေး စာချုပ်ချုပ်သည်။ ၁၉၃၅ ခုနှစ်တွင် ပီလ်ဆူစကီး ကွယ်လွန်သည်။

ကျူးကျော်

၁၉၃၉ ခုနှစ်တွင် ပိုလန်ကို နာဇီဂျာမနီက ကျူးကျော်သည်။ ကျူးကျော်မှုကို တုံ့ပြန်သည့်အနေဖြင့် ဗြိတိန်က ဂျာမနီကို စစ်ကြေညာစဉ် ဒုတိယကမ္ဘာစစ်မီး ဖြစ်လာသည်။ ဆိုဗီယက်ပြည်ထောင်စုကလည်း အရှေ့ပိုင်းမှ ကျူးကျော်သည်။ ဂျာမနီနှင့် ဆိုဗီယက်တို့က ပိုလန်ကို ခွဲဝေသိမ်းယူလိုက်သည်။ ထို့ပြင် ပိုလန်နိုင်ငံသားများ၊ အထူးသဖြင့် ဂျူးများကို တရားလွန်နှိပ်စက်သည်။

၁၉၄၁ခုနှစ်တွင် ဂျာမနီတို့က ပိုလန်နိုင်ငံ၌ ချွေးတပ်စခန်းများ စတင်တည်ဆောက်သည်။ ၁၉၄၃ ခုနှစ်တွင် ကျန်ရှိနေသည့် ဂျူးလူမျိုးများကို ချွေးတပ်စခန်းများသို့ပို့ရန် ဂျာမနီတို့၏ ကြိုးပမ်းမှုကို ဝါဆောဆင်ခြေဖုံး ဆင်းရဲသားရပ်ကွက်မှ ဆူပူဆန့်ကျင်ကြသည်။ ဆင်းရဲသားရပ်ကွက်များကို မီးတင်မရှို့မီ ရက်သတ္တလေးပတ်မျှကြာအောင် ခုခံကြသည်။ ဂျူး ၅၀၀၀၀ ကျော်တို့အား ဖမ်းမိကြောင်း ဂျာမနီတို့က ကြေညာသည်။

ဖျက်ဆီး

၁၉၄၄ ခုနှစ်တွင် ပိုလန်ခုခံရေး အင်အားစုများက ဝါဆောမြို့ကို ဩဂုတ်လအတွင်း သိမ်းပိုက်သည်။ ဂျာမနီတို့က အောက်တိုဘာလတွင် ပြန်သိမ်းပြီး မီးရှို့ဖျက်ဆီးလိုက်သည်။

၁၉၄၅ခုနှစ်တွင် ဆိုဗီယက်တပ်များက ဝါဆောမြို့ကို ဇန်နဝါရီလတွင် သိမ်းလိုက်ပြီး ဂျာမနီတပ်သား အားလုံးကို မတ်လတွင် ပိုလန်နိုင်ငံမှ တိုက်ထုတ်သည်။

ထင်ပေါ်လာ

၁၉၅၅ခုနှစ်တွင် ဝါဆောစာချုပ်အဖွဲ့သို့ ဝင်သည်။ ၁၉၈၀ပြည့်နှစ်တွင် ဗာဝင်းဇား၏ ဆော်လစ်ဒါးရစ်တီး အလုပ်သမားသမဂ္ဂ ထင်ပေါ်လာသည်။ ၁၉၈၁ခုနှစ်တွင် မာရှယ်လောဥပဒေ ထုတ်ပြီး ဗာဝင်းဇားအပါအဝင် သမဂ္ဂဝင်များကိုဖမ်းဆီးသည်။ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲတွင် ဗာဝင်းဇား ပိုလန်သမ္မတအဖြစ် ရွေးချယ်ခံရသည်။ ၁၉၉၂ခုနှစ်တွင် ဆိုဗီယက်တပ်များ ပိုလန်မှ စတင် ထွက်ခွာခဲ့သည်။

ဝင်ရောက်

၁၉၉၅ခုနှစ်တွင် ကွန်မြူနစ်ဟောင်း အလက်ဇန္ဒာကွပ်ဆ်ျူစကီးသမ္မတဖြစ်လာသည်။ ၂၀၀၀ပြည့်နှစ်တွင် သမ္မတအဖြစ် ပြန်အရွေးခံရသည်။ ၁၉၉၉ခုနှစ်တွင် နေတိုးအဖွဲ့သို့ ဝင်ရောက်သည်။ ၂၀၀၄ခုနှစ် မေလတွင် အီးယူသို့ဝင်သည်။

အနိုင်ရ

၂၀၀၅ခုနှစ် အောက်တိုဘာ သမ္မတရွေးကောက်ပွဲတွင် လက်ချ်ကာက်ဇင်စကီး အနိုင်ရသည်။ ၂၀၀၆ခုနှစ် ဇူလိုင်လတွင် သမ္မတ လက်ချ်ကာက်ဇင်စကီး၏ အမြွှာညီအစ်ကို ဂျာရိုစလောဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။

သဘောတူ

၂၀၀၇ခုနှစ် ဩဂုတ်လတွင်အာဏာရ ညွှန့်ပေါင်းအစိုးရ အခြေယိုင်သဖြင့် ရွေးကောက်ပွဲ စောကျင်းပရန် လမ်းပွင့်သွားသည်။ ထိုနှစ် အောက်တိုဘာ အထွေထွေရွေးကောက်ပွဲတွင် လစ်ဘရယ်ပါတီအနိုင်ရသည်။ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီတွင် အမေရိကန်ဒုံးကျည် ကာကွယ်ရေးစနစ် ပိုလန်၌ ချထားရေးကို ပိုလန်အစိုးရက အမေရိကန်နှင့် မူသဘောအားဖြင့် သဘောတူညီထားသည်။ ။

ကိုးကား-အင်တာနက်

တိုး ရေးသားသည်

ဤနိုင်ငံသည် လွန်ခဲ့သည့်နှစ်ပေါင်း ၁၀၀၀ကျော် ကပင် ဤနေရာ ဤဌာန၌ တည်ရှိ ထင်ရှားခဲ့၊ ဥရောပတိုက် အလယ်ပိုင်း၌ တည်ရှိသည့် ဤနိုင်ငံမှာ ဆူဆူပူပူနှင့် ကြမ်းကြုတ်သော ကာလများကို ဖြတ်သန်းခဲ့ရ။

21-11 (05).pmd 1 11/21/2008, 2:55 AM

(၈၈)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

★ ဝံသာနုရက္ခိတစိတ်ဓာတ်ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေး၊
★ အမျိုးသားပညာရည်မြင့်မားရေး၊
★ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
★ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး၊

(၈၈) နှစ်မြောက် အမျိုးသားနေ့

၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၂၂-၁၁-၂၀၀၈)

မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ မြို့နယ်အဆင့်ဆရာဖြစ် ဆင့်ပွားသင်တန်းဖွင့်

မုံရွာ နိုဝင်ဘာ ၂၀

မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း ပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း၊ မြို့နယ်အဆင့် ဆရာဖြစ်ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ၃ရက် နံနက်၈နာရီက မုံရွာမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၏ဇနီး စစ်ကိုင်းတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြဦး၊ ဒုတိယတိုင်းမှူး၏ဇနီး ဒေါ်အေးအေး၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းသားသင်တန်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ တိုင်းမှူး၏ဇနီး တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြဦးက အဖွင့်အမှာစကား ပြောကြားသည်။

ထောက်ပံ့ငွေပေးအပ်

ထို့နောက် စစ်ကိုင်းတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်ခင်မြဦးက မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ထောက်ပံ့ပေးသော မြို့နယ်နှင့်ကျေးရွာ ဆင့်ပွားသင်တန်း ကုန်ကျစရိတ်ထောက်ပံ့ငွေများကို မုံရွာမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်ရှိန်ထံ ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(ခရိုင် ပြန်/ဆက်)

ညောင်ဦးမြို့နယ် ဈေးမကြီးကျေးရွာတွင် အချင်းခြောက်လက်မ၊အနက်ပေ၇၂၀ စက်ရေတွင်းကို စက်တင်ဘာ၆ရက်က ပြုပြင်ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းနှင့် အင်ဂျင်နီယာမှူး ဦးဝင်းညွန့်လေးတို့က ကြီးကြပ်ပေးစဉ်။
(မြို့နယ် ပြန်/ဆက်)

ကူမဲ အထက၌ နံရံကပ်စာစောင်၊ဓာတ်ပုံနှင့် ဟောပြောပွဲကျင်းပ

ကူမဲ နိုဝင်ဘာ ၂၀

ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပညာရေးဝန်ကြီးဌာန ကူမဲ အထကတို့ ပူးပေါင်း၍ စာဖတ်သူတိုးပွားရေးနှင့် စာဖတ်ရှိန် မြင့်မားရေးအတွက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို နိုဝင်ဘာ၃ရက် နံနက် ၁၀နာရီက ကူမဲ အထက ဘုရင့်နောင်ခန်းမဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ထီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပစေရေးအတွက် အောက်တိုဘာ ၁၁ရက်က အမှုဆောင်အရာရှိဦးအောင်လွင် ဦးဆောင်၍ အဖွဲ့ရုံးဝန်ထမ်းများနှင့်အတူ ထီးလင်းမြို့ မြို့အဝင်လမ်းဘေးဝဲယာတစ်လျှောက်တွင် ပန်းအလှပင်များ စိုက်ပျိုးဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းပဒေသာ

ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အသင်းဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

ပြင်ဦးလွင် နိုဝင်ဘာ ၂၀

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များသည် နိုဝင်ဘာ၂ရက်က ပြင်ဦးလွင်မြို့နယ် အနီးစခန်း နွယ်နင်းကျေးရွာ၌ ကျေးရွာပြည်သူများနှင့်တွေ့ဆုံ၍ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ပညာပေးဟောပြော

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာလွင်က ကျေးရွာပြည်သူများ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများကို အသိပညာများ ပြန့်ပွားလာရေးအတွက်နှင့် ကျန်းမာပျော်ရွှင်စွာ အလုပ်လုပ်နိုင်ရေး ရည်မှန်းချက်နှင့်အညီ အသင်း၏လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီဝင်းနှင့်အဖွဲ့ဝင်များက အမျိုးသမီးများ မျိုးပွားအင်္ဂါရောဂါအကြောင်းနှင့် စိတ်ကျန်းမာရေးအကြောင်းများ အသိပညာပေးဟောပြောကြောင်း သိရသည်။

(၀၈၈)

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ယာဉ်ထိန်းတပ်ဖွဲ့တာဝန်ခံ ဒုတိယရဲမှူးမြင့်အေး ခေါင်းဆောင်သော စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များသည် နိုဝင်ဘာ ၉ရက်က မော်လမြိုင်အဝေးပြေးဂိတ်မှ ထွက်ခွာမည့်ကားများ စည်းကမ်းချက်များနှင့်အညီ ပြေးဆွဲခြင်း ရှိ မရှိကို ရှောင်တခင် စစ်ဆေးဆောင်ရွက်စဉ်။ (၀၁၄)

တိုက်ကြီး ဂျိုးဖြူကျေးရွာ စံပြစာကြည့်တိုက်သို့ စာအုပ်စာစောင်နှင့် ငွေပဒေသာပင်လှူဒါန်း

တိုက်ကြီး နိုဝင်ဘာ ၂၀

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ဂျိုးဖြူစံပြကျေးရွာ စံပြစာကြည့်တိုက်တွင် နိုဝင်ဘာ ၅ရက် မွန်းလွဲ၁နာရီက စာအုပ်၊စာစောင်နှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ ကျင်းပသည်။

ပြန်လည်ပေးအပ်

အခမ်းအနားတွင် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းက လှူဒါန်းရခြင်းအကြောင်းကိုပြောကြားပြီး အလှူရှင်ဦးကျော်မိုးနှင့်သူငယ်ချင်းများ(ခေတ္တ-မလေးရှား) ကိုယ်စား ဒေါ်တင်စိန်က အလှူငွေကျပ် ၁၃၉၀၀၀ ပေးအပ်လှူဒါန်းရာ**(ယာပုံ)** လက်ထောက်ညွှန်ကြားရေးမှူးက လက်ခံယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်ကာ ခရိုင်ဦးစီးအရာရှိဒေါ်ဖြူဖြူနှင့် မြို့နယ်ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းတို့က စာအုပ်၊ စာစောင်များပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဒုတိယဥက္ကဋ္ဌ ဦးစိုးမြင့်က လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

ဥတုရာသီ တောကိုမှီ၍

တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

တောင်ကြီး နိုဝင်ဘာ ၂၀

၁၃၇၀ ပြည့်နှစ် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် ညနေ ၆နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မီးပုံးပျံလွှတ်တင်ပြိုင်ကွင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့်ဇနီး ဒေါ်သဥ္ဇာဝင်းစိန်၊ ဒုတိယတိုင်းမှူးနှင့်ဇနီး၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊လူမှုရေးအသင်းအဖွဲ့များ၊တန်ဆောင်တိုင်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ မီးပုံးပျံပြိုင်ပွဲဝင်အသင်းများ၊ ဓာတ်ပုံပညာရှင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆုပေးအပ်

ပထမဦးစွာ ဓာတ်ပုံပြိုင်ပွဲ၊ မီးပုံးပျံပြိုင်ပွဲနှင့် မီးပဒေသာလှည့်လည်ပူဇော်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကိုကျင်းပရာ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဓာတ်ပုံပြိုင်ပွဲတွင် ဝါသနာရှင်အဆင့်နှင့် ပညာရှင်အဆင့် ဆုရရှိသူများအား လည်းကောင်း၊ မီးပုံးပျံပြိုင်ပွဲတွင် နေ့လွှတ်အရုပ်ပြိုင်ပွဲ၊ ခြေနှစ်ချောင်း၊ ခြေလေးချောင်းနှင့် နေ့လွှတ်အရုပ်အုပ်စု ပြိုင်ပွဲများတွင် ဆုရရှိသူများအားလည်းကောင်း၊ စိန်နားပန်နှင့် ညမီးကြီးမီးပုံးပျံ ပြိုင်ပွဲတွင် ဂုဏ်ပြုဆု၊ ပဉ္စမဆုနှင့် စတုတ္ထဆုရရှိသည့် အဖွဲ့များအားလည်းကောင်း၊ မီးပဒေသာ လှည့်လည်ပူဇော်ပြိုင်ပွဲ ဆုရရှိသည့် အဖွဲ့များအားလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ချီးမြှင့်

ဆက်လက်ပြီး ဒုတိယတိုင်းမှူးက စိန်နားပန် မီးပုံးပျံပြိုင်ပွဲတွင် တတိယဆုရရှိသည့် လမ်းပြကြယ်၊ ဒုတိယဆုရရှိသည့် မီးအိမ်လူငယ်နှင့် ပထမဆု ရရှိသည့် တိမ်ပျော်မီး မီးပုံးပျံအဖွဲ့များအား ဆုများအသီးသီး ချီးမြှင့်ပေးသည်။ ယင်းနောက် တိုင်းမှူးက ညမီးကြီးမီးပုံးပျံပြိုင်ပွဲတွင် တတိယဆုရရှိသည့် တိမ်ဝင်မီး၊ ဒုတိယဆုရရှိသည့် ချီခန့်မီးနှင့် ပထမဆုရရှိသည့် ရွှေပိုးမီး အဖွဲ့များအား ဆုငွေနှင့် ဆုဖလားများ ချီးမြှင့်ပေးသည်။

အဆိုပါ ၁၃၇၀ ပြည့်နှစ် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်တွင် ညမီးကြီးမီးပုံးပျံ၊ စိန်နားပန်မီးပုံးပျံ၊ နေ့လွှတ်အရုပ်အုပ်စု၊ ခြေနှစ်ချောင်း၊ ခြေလေးချောင်း မီးပုံးပျံ ပြိုင်ပွဲများ၊ မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ မြန်မာ့ရိုးရာခြင်းခတ် ပြိုင်ပွဲ၊ ဓာတ်ပုံပြိုင်ပွဲနှင့် မီးပဒေသာ လှည့်လည်ပူဇော်ပြိုင်ပွဲများအတွက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ငွေကျပ်၃၉၈၇၄၀၀၀ အား ဆုချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ကျောင်းသားကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး နံရံကပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲ အထက(၄)တာမွေ၌ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၀

တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ကျောင်းသားကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် အောင်ချက်မြင့်မားရေးအတွက် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို နိုဝင်ဘာ ၁၈ရက် နံနက် ၉နာရီခွဲက တာမွေမြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း မြတ်ပန်းသဇင်ခန်းမ၌ ကျင်းပသည်။

အဖွင့်အမှာစကား

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်စီက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးညွန့်က မိမိဘဝကို တိုးတက်မြှင့်တင်ရန် ခေါင်းစဉ်ဖြင့် ဟောပြောသည်။ **(အပေါ်ပုံ)**

တက်ရောက်

အခမ်းအနားသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်အေးနှင့် ဝန်ထမ်းများ၊ ကျောင်းသူ ၄၀၀ခန့်တက်ရောက်ကြပြီး ဟောပြောပွဲအပြီးတွင် ပြသထားသော စာအုပ်စာစောင်နှင့် နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာကြသည်။

(မြို့နယ် ပြန်/ဆက်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး စုပေါင်းဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၂၀

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး စုပေါင်းဆောင်ရွက်မှုကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ ကြည့်ရှုစစ်ဆေး အားပေးသည်။

ရှေးဦးစွာ ဒုတိယမြို့တော်ဝန်သည် နံနက် ၇နာရီတွင် မရမ်းကုန်းမြို့နယ် ၅ရပ်ကွက် ဝိဇ္ဇာလမ်းနှင့် ဗိုလ်ဉာဏလမ်းတို့၌ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများစုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အသိပညာပေးဟောပြောနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး စုပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို ကျောက်တံတား၊ ပန်းဘဲတန်း၊ ပုဇွန်တောင်နှင့် လှိုင်မြို့နယ်တို့၌ တစ်ပြိုင်တည်း ကျင်းပခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကလေးကစားစရာ အရုပ်များလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၀

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ ရွှေဂုံတိုင် ကလေးပြုစုရေးဌာနနှင့် လူငယ်သင်တန်းကျောင်းများအတွက် ငွေကျပ် ၁၁၅၂၀၀၀၀ တန်ဖိုးရှိ ကလေးကစားစရာအရုပ် ၉၆၀ကို မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အမှုဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်လှက ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင် ကလေးပြုစုရေးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

မြင်းမိုရ်ထက်ကသရဖူ ဒုတိယပတ်မြောက်ပြသ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် နိုဝင်ဘာ ၂၀

ထပ်ဆင့်အကယ်ဒမီ ငြိမ်းမင်း၏ ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာ သိန်းဟန် (ဖီးနစ်)ရိုက်ကူးသည့် **မြင်းမိုရ်ထက်ကသရဖူ**ဇာတ်ကားမှာ သမ္မတ၊ သွင်နှင့်မင်္ဂလာ အဆင့်မြင့်ရုံများတွင် ဒုတိယပတ်မြောက် ဆက်လက်ပြသနေဆဲဖြစ်သည်။

မြင်းမိုရ်ထက်ကသရဖူ

ညီအစ်မနှစ်ယောက်က မွေးသောညီအစ်ကိုနှစ်ယောက်၏ အမေတကွဲသားတကွဲဘဝနှင့် ကြိုးစားရုန်းကန်ရင်း အောင်မြင်ကျော်ကြားလာပုံများကို ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ **မြင်းမိုရ်ထက်က သရဖူ**တွင် နေတိုး၊ ထွန်းထွန်း၊ မို့မို့မြင့်အောင် (နှစ်ကိုယ်ခွဲ)၊ အိန္ဒြာကျော်ဇင်၊ ဇင်ဝိုင်း၊ ဇော်ဦး၊ ဇေလှ၀၊ ဆင်မ၊ သင်ဇာဝင့်ကျော်နှင့် ဟဲဗီးဖြိုးတို့ အဓိကပါဝင်ထားကြသည်။

နိုင်ငံခြားဇာတ်ကားများ

ရှေ့ဆောင်ရုံတွင် လီယိုနာဒို၊ ရပ်ဆဲလ်ခရိုးတို့ ခေါင်းဆောင် ပါဝင်ထားသော **Body of Lies** အက်ရှင်ဇာတ်ကားနှင့် နေပြည်တော်ရုံတွင် **Babylon A-D** စွမ်းအားရှင် မိန်းကလေးနှင့်ကိုယ်ရံတော်များ၏ စွန့်စားခန်းများ ဇာတ်ကားပြသနေဆဲဖြစ်သည်။

အိန္ဒိယဇာတ်ကားများ

တန်းမြင့် မြို့မရုံတွင် မင်းသားအမီရ်ခန်း၏အက်ရှင်စုံထောက်ဇာတ်ကား Baazl ရုံဝင်လာသည်။ စုံထောက်တစ်ဦး

Baby Lon A-D မှ သရုပ်ဆောင်များ၏ အက်ရှင်တစ်ကွက်။

နှင့် သတင်းထောက်မလေးတို့က လက်နက်မှောင်ခိုဂိုဏ်းကို ဖော်ထုတ်ဖြိုခွင်းလိုက်ပုံများကို ဇာတ်လမ်းဆင်ရိုက်ကူးထားသည်။ ဘုရင့်ရုံတွင် ဆာလ်မန်ခန်း၊ အက်ရှေးကူးမား၊ ပရီရင်ကာချိုပရာ၊ အမစ်ရှ်ပူရီတို့ ပါဝင်ထားသော **Mujhse Shaadi Karogi** ဇာတ်ကားပြသလျက်ရှိသည်

ချစ်တော့ချစ်တယ်

ဒါရိုက်တာ မိုက်တီး၏ **ချစ်တော့ချစ်တယ် အလိုမလိုက်ဘူး** ဇာတ်ကားမှာ မြို့လယ် ဝဇီရာ၊ ရွှေဗဟိုရ်၊ ဘုရင့်နောင်၊ မြေနီကုန်း ရတနာပုံရုံများတွင် ဆက်လက်ဖျော်ဖြေနေဆဲဖြစ်သည်။

မဟော်သဓာ

ဒါရိုက်တာ စန္ဒရားသန်းဇော် ရိုက်ကူးပြီး မဟော်သဓာအဖြစ် ကလေးသရုပ်ဆောင်အားသစ်ပါဝင်ထားသော မြည်းပြဿနာ၊ ပတ္တမြားပြဿနာ၊ မိဖုရားပြဿနာ ဖြေရှင်းခန်းများ ရိုက်ကူးထားသည့် **မဟော်သဓာ** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ နဝဒေးနှင့် မဟာမြိုင်ရုံများတွင် ရုံဝင်လာသည်။

ယင်းဇာတ်ကားကို စိန်ရတနာဗီဒီယို ထုတ်လုပ်ရေးမှ ရွှေပြည်ထွန်းကြည် စီစဉ်ပြီး ဇေလှ၀၊ဧရာ၊ ငှက်ပျောကြော်၊ ရုက်တယ်နှင့် ဇင်မျိုးဟာသသရုပ်ဆောင်များက ပျော်ရွှင်စေရန် ပါဝင်အားဖြည့်သရုပ်ဆောင်ထားသည်။ ။

(မြန်မာ့အလင်း)

မဟော်သဓာ ဇာတ်ကားမှ အသက် ၁၀နှစ်အရွယ်ရှိ အားသစ်၏ သရုပ်ဆောင်ဟန်။

မိတ္ထီလာ အထက(၂) မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၀

၁၉၅၇ ခုနှစ်မှ ၂၀၀၈ခုနှစ်အထိ မိတ္ထီလာမြို့ အထက(၂)တွင် ပညာသင်ကြားပေးခဲ့ကြသည့် အသက်(၆၀) ပြည့် အငြိမ်းစားယူသွားကြသော ဆရာကြီး ဆရာမကြီး ၁၀၅ဦးတို့အား ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၇ရက် နံနက်၉နာရီတွင် မိတ္ထီလာမြို့ အထက(၂)ရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

အပူဇော်ခံ ဆရာ ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အလှူငွေများကို ကျောင်းအုပ်ကြီး အထက(၂) မိတ္ထီလာမြို့ ဖုန်း-၀၆၄-၂၃၄၀၄၊ ဦးစောဌေး ဖုန်း-၀၆၄-၂၃၆၆၀၊ ၀၆၄-၂၃၀၇၀၊ ဦးတင်ထွေး(ဝင်းမာလာစတိုး) ဖုန်း-၀၆၄-၂၄၇၂၀၊ ဦးခင်ထွန်း ဖုန်း-၀၆၄-၂၄၅၉၁၊ ဦးစုမြိုင် ဖုန်း-၀၁-၅၈၄၇၈၈ နှင့် ဦးဆန်းမောင်(မန္တလေး) ဖုန်း-၀၉-၂၀၀၆၂၁၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

21-11 (07).pmd 1 11/21/2008, 2:55 AM

တတိယအကြိမ် Grand Royal Challenge Cup လက်ရှိချန်ပီယံ မြန်မာနှင့် အင်ဒိုအသင်းတို့ ရေကုန်ရေခန်း ဗိုလ်လုကြမည်

သတင်းမှတ်စုနှင့်ဓာတ်ပုံ-ဖိုးသော်ဇင် — စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး (မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၂၀

တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲကို (ယနေ့) ညနေ၃နာရီတွင် သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပတော့မည်ဖြစ်သည်။ ဗိုလ်လုပွဲတွင် တစ်အုပ်စုတည်းကျရောက်ခဲ့ကြသည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်းတို့က စိတ်မကျေပွဲ ပြန်လည်နွှဲကြရမည်ဖြစ်သည်။

တွေ့ဆုံ

မြန်မာနှင့်အင်ဒိုနီးရှားအသင်းတို့သည် အုပ်စု(က)တွင် တစ်အုပ်စုတည်း ပါဝင်ခဲ့ကြသည့် အသင်းများဖြစ်ကြပြီး အကြိုဗိုလ်လုပွဲတွင် မြန်မာအသင်းက မလေးရှားအသင်းကို လေးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ အင်ဒိုနီးရှားအသင်းက အူလ်ဆန်ဟွန်ဒိုင်းအသင်းကို ပယ်နယ်တီ အဆုံးအဖြတ် လေးဂိုး-သုံးဂိုးဖြင့်လည်းကောင်း အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်းတို့မှာ ယခုနှစ်အတွင်း သုံးကြိမ်မြောက် တွေ့ဆုံခြင်းဖြစ်ပြီး ယခုပြိုင်ပွဲတွင်မူ ဒုတိယအကြိမ်မြောက် တွေ့ဆုံနေကြခြင်းလည်းဖြစ်သည်။

ယခုနှစ်အတွင်း တွေ့ဆုံထားမှုအရ အင်ဒိုနီးရှားလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဖလား ဘောလုံးပြိုင်ပွဲတွင် အင်ဒိုနီးရှားအသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ယခု Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်တွင်မူ မြန်မာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် ပြန်လည်အနိုင်ရရှိခဲ့သည်။ ၂၀၀၈ ခုနှစ်အတွင်း သုံးကြိမ်မြောက် တွေ့ဆုံမှုနှင့်ယခုပြိုင်ပွဲအတွင်း ဒုတိယမြောက် ပြန်လည်ယှဉ်ပြိုင်ရမည့် မြန်မာနှင့် အင်ဒိုနီးရှားတို့၏ပွဲစဉ်မှာ စိတ်ဝင်စားစရာ ကောင်းလှသည်။ ပြီးခဲ့သည့် နှစ်ကြိမ်တွေ့ဆုံမှုတွင် တစ်ကြိမ်စီ အနိုင်ရထားကြရာ မည်သည့်အသင်း အသာရသည်ဟု မပြောနိုင်ပေ။ ထို့ပြင် ယခုဗိုလ်လုပွဲမှာ မြန်မာအသင်းအတွက် အရေးကြီးသောပွဲဖြစ်ပြီး လက်ရှိချန်ပီယံဘွဲ့ကို ဆက်လက်ထိန်းသိမ်းရမည်ဖြစ်သကဲ့သို့ ၂၀၀၇ ခုနှစ်မှစ၍ နိုင်ငံတကာပြိုင်ပွဲများတွင် ချန်ပီယံဆုနှင့် ဝေးကွာနေမှုကို အဆုံးသတ်ရမည့် ပြိုင်ပွဲလည်းဖြစ်သည်။ လာမည့် ဒီဇင်ဘာလအတွင်း ကျင်းပမည့် အာဆီယံဆူဇူကီးဖလား ပြိုင်ပွဲတွင်လည်း မြန်မာနှင့် အင်ဒိုနီးရှားတို့မှာ တစ်အုပ်စုတည်း ကျရောက်နေရာ ယခုပြိုင်ပွဲ၌ အောင်မြင်မှုရယူနိုင်ခဲ့ပါက ယင်းပြိုင်ပွဲအတွက် များစွာ အထောက်အကူပြုပေလိမ့်မည်။

အနားပေး

မြန်မာနှင့် အင်ဒိုနီးရှားအသင်းတို့သည် ၁၉၇၀ပြည့်နှစ် နောက်ပိုင်း ၂၅ကြိမ် တွေ့ဆုံထားပြီး ယခုတွေ့ဆုံမှုမှာ ၂၆ ကြိမ်မြောက် တွေ့ဆုံမှုပင်ဖြစ်သည်။ ယင်း၂၅ကြိမ်တွင် မြန်မာအသင်းက ၁၂ကြိမ်နိုင်ကာ ငါးပွဲသရေကျပြီး ရှစ်ပွဲရှုံးထားသည်။ နောက်ဆုံးတွေ့ဆုံထားသည်မှာ ယခု Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲ၏အုပ်စုပွဲစဉ်တွင် ဖြစ်သည်။ ယင်းပွဲမှာ မြန်မာအသင်း၏ အုပ်စုတက်ရေး အဆုံးအဖြတ်ပွဲဖြစ်ခဲ့ပြီး မြန်မာအသင်းက ခြေစွမ်းပြကာ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ အုပ်စုပထမနေရာ ရယူနိုင်ခဲ့သည်။ မြန်မာအသင်းမှာ အနိုင်ရရှိခဲ့သော်လည်း အင်ဒိုနီးရှားမှာ အုပ်စုတက်ပြီး ဖြစ်သောကြောင့် အဓိကကစားသမားအချို့ကို အနားပေးခဲ့သည်ကို တွေ့ရသည်။ ကွင်းလယ်ကစားသမားများဖြစ်သည့် နံပါတ်၁၅ အူတီနာနှင့် တိုက်စစ်မှူး နံပါတ် ၁၀ အလီယူဒင်တို့ကို ထုတ်မသုံးခဲ့ပေ။

ပြိုင်ပွဲတစ်လျှောက် အင်ဒိုနီးရှား၏ အကောင်းဆုံးခြေစွမ်းမှာ ဘင်္ဂလားဒေ့ရှ်နှင့် ပွဲဦးထွက်ပွဲတွင်ဖြစ်ပြီး တိုက်စစ်တွဲလုံးများမှာ ဘင်္ဂလားဒေ့ရှ် ဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။ အူလ်ဆန်ဟွန်ဒိုင်းအသင်းနှင့် အကြိုဗိုလ်လုပွဲတွင်မူ အင်ဒိုနီးရှားအသင်းမှာ ခံစစ်ကို အသားပေးကစားသွားပြီး အင်ဒိုနီးရှားကို ဗိုလ်လုပွဲသို့ ပို့ဆောင်ပေးသူကတော့ ပယ်နယ်တီ အဆုံးအဖြတ်တွင် လက်စွမ်းပြသွားသူ ဂိုးသမား မာကူဟာဆွန်ပင်ဖြစ်သည်။ နည်းပြချုပ်ဖြစ်သူ ဆန်နီဒေါ်လိုက "ဗိုလ်လုပွဲဟာ တော်တော့်ကို ခက်ခဲတဲ့ပွဲစဉ်ဖြစ်လာမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာဟာ တစ်ပွဲထက်တစ်ပွဲ ပိုကောင်းလာလို့ပါ"လို့ ပွဲမတိုင်မီ ဆိုထားခဲ့သည်။

အကောင်းဆုံးခြေစွမ်း

အိမ်ရှင်အသင်းဖြစ်သည့် မြန်မာ့လက်ရွေးစင်အသင်းမှာ အုပ်စုအဖွင့်ပွဲစဉ်တွင် ဘင်္ဂလားဒေ့ရှ်ကို ဂိုးမရှိသရေသာကစားနိုင်ခဲ့သော်လည်း အင်ဒိုနီးရှားနှင့် အုပ်စုတက်ရေးအဆုံးအဖြတ်ပွဲ၊ မလေးရှားနှင့် အကြိုဗိုလ်လုပွဲတို့တွင် ခြေစွမ်းပြအနိုင်ယူကာ ဗိုလ်လုပွဲသို့တက်ရောက်လာခြင်းဖြစ်သည်။ အထူးသဖြင့် မလေးရှားနှင့် အကြိုဗိုလ်လုပွဲတွင် ကစားခဲ့သောခြေစွမ်းမှာ အမှားအယွင်းမရှိဘဲ အကောင်းဆုံးခြေစွမ်းကို ထုတ်ပြသွားနိုင်သည်ကို တွေ့ရသည်။ ယခုဗိုလ်လုပွဲတွင်လည်း မလေးရှားကို အနိုင်ယူခဲ့သည့် လူစာရင်းအတိုင်း ပွဲထွက်လာနိုင်ပြီး ရန်ပိုင် ပြန်ကစားနိုင်ပါက တိုက်စစ်အားပိုကောင်းသွားနိုင်ပေသည်။ မြန်မာအသင်း၏ တိုက်စစ်မှာ ရာဇာဝင်းသိန်းနှင့် မျိုးမင်းထွန်းတို့၏ တောင်ပံနှစ်ဖက်ကို အားပြုထိုးဖောက်လေ့ရှိပြီး မလေးရှားနှင့်ပွဲတွင် ယင်းတောင်ပံနှစ်ဖက်မှသာ တိုက်စစ်ကို ပုံဖော်ခဲ့သည်။ အင်ဒိုနီးရှား၏ကစားပုံမှာ မှန်းဆရန်ခက်ခဲပြီး ဘင်္ဂလားဒေ့ရှ်ကို အနိုင်ရသောပွဲတွင် အလယ်ကြောမှ တွဲလုံးများဖြင့် ထိုးဖောက်ခဲ့သော်လည်း မြန်မာအသင်းနှင့် အုပ်စုပွဲ၌ ကစားပုံပြောင်းကာ တောင်ပံနှစ်ဖက်မှ တိုက်စစ်ဆင်ခဲ့သည်။ အင်ဒိုနီးရှားအသင်းမှာ ပြီးခဲ့သည့် အင်ဒိုနီးရှား လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းကို ဂိုးပြတ်အနိုင်ရခဲ့ရာ ယင်းကဲ့သို့ပင် အလယ်ကြောမှ တွဲလုံးများဖြင့် တိုက်စစ်ဆင်ပြီး ဂိုးများသွင်းယူခဲ့သည်။ ယခုဗိုလ်လုပွဲတွင်လည်း တွဲလုံးများဖြင့် တိုက်စစ်ဆင်လာဖွယ်ရှိသည်။

ခြေစွမ်းအရကွာခြားမှုမရှိသော မြန်မာနှင့် အင်ဒိုနီးရှားတို့၏ ဗိုလ်လုပွဲမှာ အကြိတ်အနယ်ဖြင့် ပွဲကောင်းတစ်ပွဲ ဖြစ်လာနိုင်ပေသည်။ မလေးရှားနှင့် ပွဲစဉ်ကလိုပင် တစ်ခဲနက် လာရောက်အားပေးကြမည့် မြန်မာဘောလုံးပရိသတ်၏ တစ်ခဲနက်အားပေးမှုမှာ မြန်မာအသင်းအတွက် များစွာအရေးပါမည်ဖြစ်ပြီး မြန်မာအသင်းနည်းပြ ဖလော်ပါကိုယ်တိုင် မလေးရှားနှင့်ပွဲထက် ပိုမိုများပြားသည့် ပရိသတ်များ လာရောက်အားပေးကြရန် ဖိတ်ခေါ်ထားသည်အထိပင်ဖြစ်သည်။

အထောက်အကူပြု

ယခုပြိုင်ပွဲရလဒ်မှာ လာမည့်အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲအတွက် များစွာအထောက်အပံ့ပြုနိုင်မည်ဖြစ်ရာ မြန်မာအသင်းမှာ အနိုင်ရရှိရန် လိုအပ်သလို လက်ရှိချန်ပီယံဘွဲ့ကိုပါ ကာကွယ်ရမည့် ဗိုလ်လုပွဲတစ်ပွဲပင် ဖြစ်သည်။ ၂၀၀၈ခုနှစ်၏ ပထမဆုံး အောင်မြင်မှုအဖြစ် မြန်မာအသင်းမှာ Grand Royal Challenge Cup ကို ရယူနိုင်မလား၊ နည်းပြ ဖလော်ပါ ပထမဦးဆုံး ရယူပေးမည့် ချန်ပီယံဆုဖလား ဖြစ်လာမလားဆိုသည်ကိုမူ....။

(မြန်မာ့အလင်း)

မြန်မာအသင်း အနိုင်ရဗိုလ်စွဲရန် ဤကဲ့သို့သော ပရိသတ်တို့၏ တစ်ခဲနက် အားပေးမှုမှာ အရေးပါလာမည်

ဒို့မြန်မာ

✳ မြန်မာ မြန်မာ ဒို့မြန်မာ
စိတ်ထား မြင့်မြတ်တာ၊
ကိုယ်ကျင့်သိက္ခာ တည်ကြည်ဖြောင့်
မျိုးရိုး သစ္စာစောင့်။

✳ အဖျက်အမှောင့် စရိုက်တွေ
သရုပ်ပျက်မို့ ရှောင်လို့နေ၊
ရိုးရာအမွေ ယဉ်တယ်လေ့
မြတ်နိုး ခင်တွယ်မွေ့။

✳ ဓလေ့ထုံးစံ ကိုယ်ပိုင်ဟန်
သမ္မာရှိတဲ့ ဒို့နိုင်ငံ၊
သွက်လက်လျင်မြန် သန်မာထွား
သွေးစည်း ညီတဲ့အား။

✳ တစ်မိတည်းဖွား ညီနောင်ဆွေ
ပြည်ထောင်စုရဲ့ သားသမီးတွေ၊
တစ်မြေတည်းနေ ဆွေမျိုးရင်း
ကူညီရိုင်းပင်း ကောင်းကျိုးနှင်း။

✳ သွေးချင်းသားချင်း စည်းလုံးညီ
အင်အားခိုင်သန်သည်၊
ဖွံ့ဖြိုးခေတ်မီစည်သာရေး
စုပေါင်းဆောင်ရွက်ပေး။

✳ အမျိုးသားရေး လက္ခဏာ
ဘိုးဘွားစဉ်ဆက် ဆင်းသက်လာ၊
ထည်ထည်ဝါဝါ ခံ့ညားလှ
ဇာတိပုည ဂုဏ်မာန။

✳ နီးကြားတက်ကြွ မျိုးချစ်မာန်
ထိပါးလာက ငုံ့မခံ၊
ဒို့နိုင်ငံနဲ့ ဒို့လူမျိုး
အသက်နှင့်တူ ချစ်မြတ်နိုး။
ဝံသာနုစိတ် စွဲတည်စိုး
မြန်မာတဲ့ဟေ့ ဒို့လူမျိုး။ ။

(၈၈)နှစ်မြောက်အမျိုးသားနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

ကိုကျော်

မြောက်ဥက္ကလာ အမက(၁၃) မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၀

ရန်ကုန် (အရှေ့ပိုင်းခရိုင်) မြောက်ဥက္ကလာပမြို့နယ် ရှု/ရပ်ကွက် အမက (၁၃) ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် ရှု/ရပ်ကွက် ဘုမ္မာလမ်းမကြီးရှိ အလက(၈)၌ ကျင်းပမည်ဖြစ်ရာ ၁၉၆၁ခုနှစ်မှ ၁၉၈၁ခုနှစ် ပညာသင်နှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံ ကြွရောက်ကြပါရန် ဖိတ်ကြားထားသည်။

စေတနာရှင်၊ အလှူရှင်များနှင့် ကျောင်းသား ကျောင်းသူဟောင်းများ အနေဖြင့် အလှူငွေပစ္စည်းများလှူဒါန်းလိုပါက ကိုထိန်ဝင်း ဖုန်း-၀၁-၆၉၉၈၁၄၊ ကိုထင်ကျော် ဖုန်း-၀၁-၆၉၉၂၅၈၊ဒေါ်ဌေးဌေးဝင်းအလက(၈)ဖုန်း-၆၉၉၂၇၉၊ ကိုတင်ထွန်းအောင် ဖုန်း-၀၁-၆၉၉၁၁၇နှင့် ကိုဇော်မင်းလွင် ဖုန်း-၀၁-၆၉၉၀၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အမူအကျင့်ပြောင်းလဲရေး စီမံချက်လုပ်ငန်း အသိပေးရှင်းလင်းဆွေးနွေး

ရေတာရှည် နိုဝင်ဘာ ၂၀

ကျန်းမာရေးဝန်ကြီးဌာန ဗဟိုကျန်းမာရေးပညာဌာနနှင့် ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့ JOICFP တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အမူအကျင့် ပြောင်းလဲရေးအတွက် ဆက်သွယ်ပညာပေးရေး စီမံချက်လုပ်ငန်းအသိပေး ရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၉ရက် နံနက်၁၀နာရီက ရေတာရှည်မြို့နယ်ကျန်းမာရေးဦးစီးဌာနသင်တန်းခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဗဟိုကျန်းမာရေးပညာဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်လွင်၊ ပဲခူးတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာငွေစန်း၊ ရေတာရှည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်တို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ဆွေးနွေးပွဲတွင် ရေတာရှည်မြို့နယ်၌ ဆောင်ရွက်မည့် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အမူအကျင့် ပြောင်းလဲရေးအတွက် ဆက်သွယ်ပညာပေးရေး ကျန်းမာရေးအသိပညာများအား ရှင်းလင်းတင်ပြပြီး စီမံချက်ဆိုင်ရာ လုပ်ငန်းစဉ်များဖြစ်သည့် တစ်မြို့နယ်လုံးရှိ ပြည်သူလူထုအားလုံး မျိုးဆက်ပွား ကျန်းမာရေး အသိပညာများရရှိပြီး မိခင်သေနှုန်းများ ကျဆင်းရေး၊ လူငယ်ထုအတွင်း HIV/ AIDS ကူးစက်မှုကျဆင်းရေးကို ဦးတည်ဆောင်ရွက်သွားမည်ဖြစ်သည်။ တက်ရောက်လာသော အဖွဲ့အစည်းအသီးသီးမှ ပူးပေါင်းကူညီဆောင်ရွက်နိုင်မှု အခြေအနေများကိုဆွေးနွေးပြီး ရှေ့လုပ်ငန်းစဉ်များတွင် ဆင့်ပွားသင်တန်း ဆောင်ရွက်ရာ၌ ပံ့ပိုးပေးမည့်လုပ်ငန်းများအား ချမှတ်အတည်ပြုခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

Air Bagan Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ ပြင်ဦးလွင်တွင် ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၀

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar PGA တို့က ကြီးမှူးကျင်းပ၍ Air Bagan Ltd. က အဓိက ကူညီပံ့ပိုးပေးမည့် မြန်မာပြည်တွင်း ပတ်လည် ဂေါက်သီးရိုက် ပြိုင်ပွဲ (Myanmar Golf Tour 2008-2009) ၏ ဒုတိယပွဲစဉ်အဖြစ် Air Bagan Open Championships ဂေါက်သီးရိုက် ပြိုင်ပွဲကို နိုဝင်ဘာ ၂၇ရက်မှ ၃၀ရက်အထိ မန္တလေးတိုင်း ပြင်ဦးလွင်မြို့ ဂေါက်ကလပ်၌ စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ Professional အဆင့်နှင့် အပျော်တမ်း အဆင့် (Handicap 0-12) အဆင့်ရှိသူများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုသည်။

အဆိုပါ ပြိုင်ပွဲကို စိန့်အင်ဒရူး ဥပဒေသအတိုင်းနှင့် ဒေသန္တရ စည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် Hole-in-One ဆုရရှိသူများအားသက်ဆိုင်ရာကျင်းများအလိုက် Sponsors များက ဆုများကို ချီးမြှင့်ကြမည်ဖြစ်သည်။

နောက်ဆုံးထားပေးသွင်း

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက် အားကစားသမားများသည် နိုဝင်ဘာ၂၅ရက် နောက်ဆုံးထား၍ မြန်မာဂေါက်သီးရိုက်လေ့ကျင့်ကွင်း ကိုးမိုင် ဖုန်း-၀၁-၆၅၁၃၇၄၊ ၀၉-၂၀-၃၇၆၇၁၊ ၀၉-၅၀-၁၇၀၄၉ နှင့် Pyin Oo Lwin Golf Club တို့သို့ ဆက်သွယ်အမည်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

21-11 (08).pmd 1 11/21/2008, 2:55 AM

✻ ရှေ့ဖုံးမှ

တင်ပို့ နေရသည်။ အင်းလေး၊ ပင်းတယကဲ့သို့ ထင်ရှားကျော်ကြားသည့် အရပ်ဒေသများကြောင့် ခရီးသွား ဧည့်သည်များ အသွားအလာများသည်။ နေ့စဉ် လူစီးယာဉ်နှင့် ကုန်တင်ယာဉ် စီးရေ ၂၀၀ကျော်

“ဘယ်နေရာမှာ တောင်ပြိုတတ်သလဲဆိုတာ စုံစမ်းပြီး ကြိုတင်ဖယ်ရှားရှင်းလင်းသွားမှာမို့ နောင်ဆိုရင် တောင်ပြိုပြီး လမ်းပိတ်ဆို့မှုတွေ မရှိသလောက် နည်းသွားမှာပါ”

ဦးငွေအောင်(မန်နေဂျာ)
သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီ။

၃၀၀ ဝန်းကျင် တောင်ကြီးလမ်းကို အသုံးပြုနေရသည်။

တောင်းဆို

ဤအကြောင်းများကြောင့် ပင်လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက ဖောက်လုပ်ထားသော တောင်ကြီးကတ္တရာလမ်းမှာလမ်းနှင့် မတူတော့။ လမ်းအင်္ဂါရပ်နှင့် မညီ၊ ယနေ့ခေတ်၏ တောင်းဆိုမှုနှင့် လိုက်လျောညီထွေ မဖြစ်တော့။ ယနေ့ခေတ်အခါအခြေအနေအရ ကုန်တင် ၁၀ဘီး ကားကြီးတွေဒဏ်ခံနိုင်သော လမ်းဖြစ်ရန် ခေတ်က တောင်းဆိုနေပေပြီ။

တာဝန်ယူ

ထိုတောင်းဆိုမှုအရ နိုင်ငံတော်က တောင်ကြီး-ကလော-မိတ္ထီလာ လမ်းပိုင်းကို ပြန်လည်ပြုပြင်ထိန်းသိမ်းရန်နှင့် အဆင့်မြှင့်တင် တိုးချဲ့ဖောက်လုပ်ရန် စီမံကိန်းကို ချမှတ်ပေးလိုက်ခြင်းဖြစ်သည်။ ယင်းစီမံကိန်းကို ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၏ အနီးကပ်ကြီးကြပ်မှု၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ပံ့ပိုးမှုဖြင့် သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီက ပြုပြင်ထိန်းသိမ်း အဆင့်မြှင့်တင် တိုးချဲ့ဖောက်လုပ်ရန် တာဝန်ယူထားသည်။

ဆောင်ရွက်နေ

တောင်ကြီး-ကလော-မိတ္ထီလာ လမ်းပိုင်း အရှည် ၁၁၆ မိုင်၊ သာစည်-သပြေဝ လမ်းပိုင်းအရှည် ၉ မိုင် ၂ ဖာလုံ၊ ပျော်ဘွယ်-ဘုရားငါးဆူလမ်းပိုင်း အရှည် ၁၆မိုင် ၁ဖာလုံ စုစုပေါင်းလမ်းပိုင်းအရှည် ၁၄၁ မိုင် ၃ ဖာလုံရှိသည်။ လမ်းပိုင်းသုံးပိုင်းကို အပိုင်းလိုက်ခွဲခြားပြီး ၂၀၀၈ ခုနှစ် ဧပြီလက စတင်ကာ လမ်းပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကိုဆောင်ရွက်နေကြပြီဖြစ်သည်။

လမ်းပြုပြင် ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင် တိုးချဲ့ခြင်းလုပ်ငန်းတွင်လုပ်ငန်းအဆင့်ဆင့်ရှိသည်။ လမ်းနယ်နိမိတ်အတွင်း ပြုပြင်ခြင်း၊ မြေကြီးလုပ်ငန်းနှင့် မြေသားလုပ်ငန်း၊ လမ်းတိုးချဲ့ခြင်းနှင့် လမ်းလွှာမာကျောရန် ဆောင်ရွက်ခြင်း၊ လမ်းမျက်နှာပြင်ညှိခြင်း၊ အားဖြည့်ထပ်ပိုးလွှာတင်ခြင်းနှင့် လမ်းအင်္ဂါရပ်ဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းအတိုင်း ပြည့်မီအောင် ဆောင်ရွက်ခြင်းလုပ်ငန်းတို့မှာ အဓိက ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည်။

စံချိန်စံညွှန်း

လမ်းအရည်အသွေးစံချိန်စံညွှန်းနှင့်ပတ်သက်၍ စီမံကိန်းအင်ဂျင်နီယာကြီး ဦးဇော်မိုးက ရှင်းပြရာ၌ “မိုးတွင်းကာလမှာပထမအဆင့်အနေနဲ့ လမ်းကို ထိန်းသိမ်းဖို့ လုပ်နေပါတယ်။ မိုးကုန်သွားရင် ဒုတိယအဆင့်အနေနဲ့ အဆင့်မြှင့်တင်တာနဲ့ လမ်းတိုးချဲ့တာတွေ ဆက်လက်လုပ်သွားပါမယ်။ အားဖြည့်လုပ်ငန်းနဲ့ လမ်းအဆင့် မြှင့်တင်တဲ့နေရာမှာ လုပ်ငန်းပိုင်း သုံးပိုင်းရှိပါတယ်။ ပထမပိုင်းအနေနဲ့ မိုးတွင်းမှာ သွားလာရေး မပြတ်တောက်ရေးနဲ့ ချောမွေ့စွာသွားလာနိုင်ရေး အဓိကထားပြီး ပြုပြင်ထိန်းသိမ်းရပါတယ်၊ ဒါတွေပြီးမှ မိုးကုန်တာနဲ့ အဆင့်မြှင့်တင်တာနဲ့ လမ်းတိုးချဲ့တာ လုပ်ရပါမယ်၊ လမ်းတိုးချဲ့တာမလုပ်ခင်မှာ လမ်းခိုင်မာအောင် ယာဉ်သွားနှုန်း၊ ယာဉ်စီးရေ ဘယ်ရွေ့ဘယ်မျှ ရှိတာကို တွက်ချက်ပြီးမှ အားဖြည့်လွှာဘယ်ရွေ့ဘယ်မျှ တင်ရမယ်ဆိုတာ အတိုင်းအတာအရ ဆောင်ရွက်သွားရမှာပါ။ ဒါမှသာ ယာဉ်သွားလာမှုချောမွေ့ပြီး ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်မှာပါ။အခုလောလောဆယ် စခန်းသုံးခုခွဲပြီး ဆောင်ရွက်နေပါတယ်။ စခန်း(၁)က ဘုရားငါးဆူမှာ အခြေခံစခန်းအဖြစ် ထားရှိပါတယ်။ စခန်း(၂)က ဝက်ဖြူရေမှာ ရှိပါတယ်။ ကလောမှာတော့ စခန်း (၃)အနေနဲ့ ထားရှိပါတယ်။ ကျောက်ထုတ်လုပ်မှု၊ စုဆောင်းမှု၊ ပြုပြင်မှုအဆင့်ဆင့်တွေကို ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ စံချိန်စံညွှန်း သတ်မှတ်ချက်အတိုင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု၍ အင်ဂျင်နီယာ ဦးဇော်မိုးက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဆောင်ရွက်သွားမည်

မိတ္ထီလာ - ကလော - တောင်ကြီး လမ်း စီမံကိန်းကို သုံးနှစ်နှင့် အပြီးဆောင်ရွက်သွားမည်ဟု သိရသည်။ စီမံကိန်းလုပ်ငန်းကို မည်သို့ မည်ပုံ အောင်မြင်ချောမွေ့စွာ ဆောင်ရွက်နေကြောင်းသော်တာဝင်းဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ မန်နေဂျာ ဦးငွေအောင်က ရှင်းပြရာ၌ “တောင်ကြီးလမ်းက လမ်းကွေ့တွေ များတယ်၊ လမ်းကွေ့တွေကို တတ်နိုင်သမျှ ဖြေသွားမယ်၊ လမ်းကွေ့နှစ်ကွေ့ သုံးကွေ့ဖြစ်နေတာတွေကို တစ်ကွေ့တည်းဖြစ်အောင် ဖြောင့်ဖောက်သွားမယ်။ ရှမ်းပြည်နယ်က လမ်းတွေက အများအားဖြင့် တစ်လမ်းသွား လမ်းတွေဖြစ်ပါတယ်။ ၁၂ပေ လမ်းတွေပါ။ လမ်းဘေးပခုံးတွေ ပဲ့နေတာကြောင့် ကားတွေ တစ်စီးနဲ့တစ်စီး ရှောင်ရာမှာ အခက်အခဲတွေရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ လုပ်ငန်းစတာနဲ့ လမ်းဘေးပခုံးပြင်မယ်။ ၂၄ပေ နှစ်လမ်းသွားချဲ့မယ်။ ကျောက်သား ထပ်ပိုးလွှာ ထပ်တင်မယ်။ လမ်းပြင်ချိန်တုန်းက မိုးတွင်းဖြစ်နေလို့တိုင်းမှူးရဲ့ညွှန်ကြားချက်အရ လမ်းပိတ်ဆို့မှုမဖြစ်ရအောင် လမ်းပေါက်ဖာလုပ်ငန်းတွေကို Water Bound စနစ်နဲ့ စတင်ဆောင်ရွက်နေတာပါ။ တောင်ပေါ်လမ်းမှာ မိုးတွင်းကာလတောင်ပြိုပြီးလမ်းပိတ်ဆို့မှုတွေဖြစ်တတ်လွန်းလို့ လုပ်ငန်းစကတည်းက ဘယ်နေရာမှာ တောင်ပြိုတတ်သလဲဆိုတာ စုံစမ်းပြီး ကြိုတင်ဖယ်ရှား ရှင်းလင်းသွားမှာမို့ နောင်ဆိုရင် တောင်ပြိုပြီး လမ်းပိတ်ဆို့မှုတွေ မရှိသလောက် နည်းသွားမှာပါ။ အရင်က ၁၂ပေ လမ်းဆိုတော့ ကားတစ်စီးနဲ့တစ်စီး ကျော်တက်ဖို့ မလွယ်ဘူး၊ တောင်ပေါ်လမ်းမှာ ၁နာရီ မိုင် ၄၀ သတ်မှတ်ထားပေမယ့် မိုင် ၄၀ ပြည့်အောင် မောင်းလို့မရဘူး၊ လမ်းက ကျဉ်းပြီး ချိုင့်တွေရှိတော့ ခရီးက မတွင်ဘူး။ ဒါကြောင့် ကုန်စည်စီးဆင်းမှု နှောင့်နှေးကြန့်ကြာတယ်။ လမ်းကြောင့်ကားပစ္စည်းတွေ ထိခိုက်တယ်။ လမ်းအားလုံး ပြင်ပြီးသွားရင်တော့ အခုရင်ဆိုင်နေရတဲ့ ဒုက္ခတွေနဲ့ ကင်းဝေးသွားမှာပါလို့ပြောကြားသွားခဲ့ပါကြောင်း။ ။

(မြန်မာ့အလင်း)

မိတ္ထီလာ-ကလော-တောင်ကြီးလမ်းပိုင်းအား ဤသို့ ယန္တရားကြီးများဖြင့် ပြုပြင်တိုးချဲ့ ဖောက်လုပ်နေသည်။

(မြန်မာ့အလင်း)

“ပြုပြင်မှုအဆင့်ဆင့်တွေကို ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ စံချိန်စံညွှန်း သတ်မှတ်ချက်အတိုင်း ဆောင်ရွက်သွားမှာပါ”

ဦးဇော်မိုး
စီမံကိန်းအင်ဂျင်နီယာ။

■ ကျောဖုံးမှ

တည်ဆောက်ရေးစီမံကိန်းသို့ ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားခဲ့သည်ဟု ရေးသားထားသည်။

တံတားကြီးသို့ ရောက်သည်ဆိုလျှင်ပင်စိမ်းညို့ညို့တောင်နှစ်လုံးကြားတွင် ကျောက်ဖျာမြစ်ကိုဖြတ်၍ လှပခံ့ညားစွာ တည်ဆောက်ထားသည်ကိုမြင်တွေ့ရသည်။ တံတားကြီးပေါ်မှ ဆိုင်ကယ်များစီး၍ တစ်ဖုံ၊ မော်တော်ကားများဖြင့် တစ်သွယ် ဥဒဟိုမောင်းနှင်သွားလာနေကြသည်ကိုလည်းတွေ့ရသည်။

အဆိုပါတံတားကြီး၏ သတင်းအချက် အလက်များရယူရန် ကမ္ပည်းကျောက်စာတိုင်အနီးသို့ ချဉ်းကပ်ဖတ်ရှုကြည့်မိသည်။

ကျောက်စာ၏ ကျောဘက်တွင် ကျောက်ထွင်းအက္ခရာတင်ထားသည်မှာ-

လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်းကြောင့်ဒေသတစ်ခုနှင့်တစ်ခုရင်းနှီးမှုနည်းပါးရခြင်း၊ တိုးတက်မှု ကွာဟရခြင်းတို့ကို မဖြစ်စေလိုသည့်အတွက် တံတားကြီးများကို တည်ဆောက်နေရခြင်းဖြစ်ကြောင်း။

၁၄-၄-၁၉၉၆ ရက်တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အနော်ရထာတံတား(ချောက်)

တနင်္သာရီတိုင်း ကျွဲကူးရွာအနီးရှိ အဆိုပါတံတားကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကျွဲကူး-ကျောက်ဖျာတံတား တည်ဆောက်ရေး စီမံကိန်း အင်ဂျင်နီယာမှူးကြီး ဦးဘဝမ်း ဦးဆောင်၍ ၂၀၀၀ပြည့်နှစ် နိုဝင်ဘာ ၂၄ရက်တွင် တည်ဆောက်ခဲ့ပြီး၂၀၀၃ခုနှစ် အောက်တိုဘာလက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သံမဏိသံပေါင်

အဆိုပါ ကျွဲကူး-ကျောက်ဖျာ တံတားကြီး၏ စုစုပေါင်း အရှည်မှာ ၃၆၁၂ပေရှိပြီး သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်သည်။

“ဒီတံတားကြီးကိုဖွင့်လှစ်နိုင်ခဲ့တာကြောင့် ရေတွေဝိုင်းနေတဲ့ ကျွန်တော်တို့ မြိတ်မြို့ကို ကုန်းမြေနဲ့ တစ်ဆက်တည်းဖြစ်အောင် လုပ်ပေးလိုက်သလိုပါပဲ၊ ဒေသခံပြည်သူတွေ အတွက်တကယ်ကို ဝမ်းမြောက်စရာပါပဲ၊ နိုင်ငံတော်ကိုလည်း ကျေးဇူးတင်ပါတယ်။ အခုဆိုရင် ဒီတံတားကြီးဖွင့်လှစ်ပေးခဲ့လို့ ဒေသထွက်ကုန်ဖြစ်တဲ့ ရေထွက်ပစ္စည်းတွေ ရန်ကုန်အထိ ကုန်းလမ်းက ပို့ပေးဖို့ မခက်ခဲတော့ပါဘူး၊ ဒီတံတားကြီးဟာ တကယ့်ကို ဒေသခံပြည်သူတွေအတွက်အကျိုးများစေခဲ့တဲ့ တံတားကြီးဖြစ်နေပါပြီ”ဟု ဒေသခံတစ်ဦးဖြစ်သည့် ကိုရဲထွန်းက မြန်မာ့အလင်းသို့ ပြောကြားသည်။

ကျွဲကူး - ကျောက်ဖျာ တံတား ဖွင့်လှစ်ပေးနိုင်ခဲ့မှုကြောင့် ဒေသနေပြည်သူများတစ်ချိန်ကရေလမ်းကိုသာ အားထားနေရသည့် ဒုက္ခမှ ကင်းဝေးခဲ့ကြပြီဖြစ်သည်။ ထို့အပြင် ဒေသထွက်ကုန်များ ထားဝယ်မှ တစ်ဆင့် ရန်ကုန်သို့အရောက် တင်ပို့နိုင်ပြီဖြစ်၍ ဒေသဖွံ့ဖြိုးမှုကို များစွာအထောက်အကူပြုနေပြီဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့လျက်ရှိသည့် မြိတ်-ထားဝယ် ကားလမ်းပေါ်ရှိ ကျောက်ဖြူကျေးရွာကို ဤသို့တွေ့ရသည်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း **မိုးလေဝသ ခန့်မှန်းချက်** သန်းသန်းနု ကိုးကားတင်ပြသည်

ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်

ရန်ကုန် နိုဝင်ဘာ ၂၀

နိုဝင်ဘာ ၂၀ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေကို ဖော်ပြရပါလျှင် ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

ညအပူချိန်များမှာ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နိုဝင်ဘာလ၏ပျမ်းမျှအပူချိန်တို့အောက် ၄ ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ဒေသများတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်မှာ ဟားခါးမြို့၌ ၅ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

မှတ်သားဖွယ်မိုးရေချိန်မှာ တောင်ငူတွင် ဝဒသမဝ၇လက်မဖြစ်သည်။

နိုဝင်ဘာ ၂၁ရက်(**ယနေ့**)ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုကို ခန့်မှန်းရပါက ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့၌ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာဖွယ်ရာရှိသည်။ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

နိုဝင်ဘာ၂၁ရက် (**ယနေ့**) နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းလျက်ရှိသည်။

မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှမိုင်၄၀အထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

The Live News ဂျာနယ် အမှတ်(၁၀၇)ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၀

ယခုတစ်ပတ်ထုတ် The Live News ဂျာနယ် အမှတ်(၁၀၇)တွင် မြင်းမူမောင်နိုင်မိုး၏ အောင်မြင်ခြင်း၊ ကျေးဇူး၊ နီမင်းဆွေ၏ ကမ္ဘာကြီးအတွက် စကားတစ်ခွန်း(၂)၊ ကိုကိုလှိုင်၏ သီရိလင်္ကာပြည်တွင်းစစ်နှင့် အင်အားနိုင်ငံရေး၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက သမိုင်းတင် အဝိုင်းကြီးများ (Round-about)၊ (၈)၊ နီငြိမ်း(အညာတက္ကသိုလ်)၏ ကမ္ဘာ့အရှေ့ဖျားမှ ဖွံ့ဖြိုးဝေစည်ဂျပန်ပြည် အပိုင်း(၁)၊ အောင်လျှမ်းဝေ၏ လွမ်းငွေ့မပြေချယ်ရီမြေ(၁၀)၊ အာရှမိုး၏ ကြိုးစားက သမ္ဘတဖြစ်၊ လေးလေးသောင်း (မြရာပင်)၏ လျောင်အန္တရာယ် တွန်းလှန်မည့်သူများ၊ ဒေါက်တာဝင်းလေး (တောင်ကြီး)၏ ရာသီပန်းလေးလန်းစေချင်၊ Examplez အဖွဲ့ ထူးကျော်နဲ့ အမှတ်မထင် တွေ့ဆုံခြင်း၊ ဟီလာရီကလင်တန် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဖြစ်လာမည်လော၊ အာရှကို ပိုမိုမှီခို အားထားရတော့မယ့် အမေရိကန် စီးပွားရေးအခြေအနေ၊ ဂျပန်စီးပွားရေးကို ချေးသိပ်နေတဲ့ ဝန်ကြီးချုပ် တာရိုအာဆို၊ အာဖဂန်နစ္စတန်နိုင်ငံ၌ အသေခံတိုက်ခိုက်မှုများ တိုးပွားလာ၊ အီရန်နိုင်ငံက မျိုးဆက်သစ် တာလတ်ပစ်ဒုံးပျံ စမ်းသပ်ခဲ့၊ ပင်လယ်ပျော်မင်းသား အပိုင်း(၄၉/၅၀)၊ လေကြောင်းမြို့တော် အပိုင်း(၁၅/၁၆/၁၇/၁၈ဇာတ်သိမ်း)စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည်။

The Live News ဂျာနယ်ကို အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူအိမ်အရောက် ပေးပို့ရန်စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ ၁၃စောင် ကျပ် ၅၈၅၀၊ ခြောက်လ ၂၆စောင် ကျပ် ၁၁၇၀၀ နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက် အမှတ် ၃၁၀ အခန်း ၀၀၄ ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅နှင့် Market Care (Distribution Service) အမှတ် ၅၅ ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၂၃၉၇၃၊ ၀၉-၅၀၀-၈၀၄၇တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

(၈၈)နှစ်မြောက် အမျိုးသားနေ့ အကြိုဂုဏ်ပြုဆောင်းပါး

အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်နှင့် အမျိုးသားနေ့သန္နိဋ္ဌာန်

တက္ကသိုလ်မြတ်သူ

နိုင်ငံတစ်ခုတွင် လူမျိုးနွယ်သို့မဟုတ် လူမျိုးစုသို့မဟုတ် တိုင်းရင်းသားလူမျိုး စသည့် လူမျိုးအများအပြား စုပေါင်းနေထိုင်လေ့ရှိကြသည်။ အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် တိုင်းရင်းသားလူမျိုး ၅၅မျိုးနှင့် မူလတရုတ်ဟန်လူမျိုး အပါအဝင် ၅၆မျိုး စုပေါင်းနေထိုင်လေ့ရှိကြသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး ၁၀၀ကျော် စုပေါင်းနေထိုင်ကြသည်။ တိုင်းရင်းသားတို့တွင် မိမိတို့ လူမျိုးအမည် သီးခြားစီရှိကြသည်။ ဥပမာ-မြန်မာနိုင်ငံ၌ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည်ဖြင့်ရှိကြသည်။ တရုတ်ပြည်၌ ဟွေ၊ ပိုင်၊ ယီ၊ မွန်ဂို၊ တိဘက်၊ ဟန်၊ တိုင်စသည်ဖြင့် တိုင်းရင်းသားအမည် ကိုယ်စီရှိကြသည်။

နိုင်ငံတစ်နိုင်ငံတွင် သမိုင်းစဉ်ဆက် မရှိအတူ၊ ရှိအတူ အေးတူပူမျှ အတူတကွနေထိုင်ခဲ့သော တိုင်းရင်းသားလူမျိုးအားလုံး၏ အစုအပေါင်းသည် အမျိုးသား Nation ဟူ၍ဖြစ်လာသည်။ မြန်မာနိုင်ငံမှ တိုင်းရင်းသားစုတို့၏ အမျိုးသားအမည်မှာ မြန်မာဖြစ်သည်။ တရုတ်ပြည်မှ တိုင်းရင်းသား ၅၆မျိုးတို့၏ စုပေါင်းအမျိုးသားအမည်မှာ တရုတ်ဟူ၍ ဖြစ်သည်။ အလားတူ တိုင်းရင်းသားလူမျိုးအများအပြား စုဝေးနေထိုင်သော နိုင်ငံတိုင်းမှာပင် တစ်မျိုးသားလုံး လွှမ်းခြုံခေါ်ဝေါ်သော Nation (အမျိုးသား) နာမည်ရှိကြသည် ချည်းဖြစ်၏။

အမျိုးသားဟူသောဝေါဟာရကို အင်္ဂလိပ်ဘာသာဖြင့် Nation ဟုခေါ်၏။ အမျိုးသားနှင့် စပ်ဆိုင်သော-ဟူသောအသုံးကို National ဟု သုံးကြ၏။ အမျိုးသားတို့၏အရေးကို National Cause ဟုသုံး၏။ အမျိုးသား (တစ်မျိုးသားလုံး)အကျိုးစီးပွားကို National Interest ဟု သုံးသည်။ မိမိနိုင်ငံမှ နိုင်ငံသား (အမျိုးသား)များကို ကောင်းစားစေလိုသော စိတ်ဓာတ်ကို National spirit ဟု သုံးကြသည်။

မြန်မာတို့သည် ၁၈၈၅ခုနှစ်မှစ၍ ဗြိတိသျှနယ်ချဲ့တို့ လုယူသွားသော မြန်မာနိုင်ငံ၊ မြန်မာ့အချုပ်အခြာအာဏာ၊ မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရယူရန် ကြိုးပမ်းခဲ့ရာ၌ အမျိုးသားနိုင်ငံရေးကိုင်စွဲခဲ့သည်။ ၁၉၀၆ ခုနှစ်တွင် မြန်မာတို့တည်ထောင်သော YMBA ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းခေါ် ဗုဒ္ဓဘာသာလူငယ်များအသင်းတွင် ရဟန်းရှင်လူများ စုဝေးကာ ဘာသာရေးမှ အစပြုပြီး ဆွေးနွေးကြ၊ တိုင်ပင်ကြသည်။ ဘာသာ သာသနာ ညှိုးနွမ်းနေရသော နယ်ချဲ့အုပ်စိုးမှုကို ဝေဖန်ကြသည်။ ဤသို့ဖြင့် အမျိုးဘာသာ၊ သာသနာအရေး အလေးထား ဆောင်ရွက်ကြသည်။ အမျိုးဟူသည်မှာ နိုင်ငံတွင်းရှိ သွေးချင်းသားချင်း ဆွေမျိုးရင်းချာများ၊ မြန်မာအမျိုးအဆွေများကို ရည်ညွှန်းသည်။ လူမျိုးများအရေးသည် အမျိုးသားရေးပင်ဖြစ်သည်။

၁၉၂၀ပြည့်နှစ် စက်တင်ဘာလတွင် တစ်နိုင်ငံလုံးရှိ YMBA အသင်းခွဲများ၊ အခြားဘာသာရေး၊ လူမှုရေးအသင်းများ စုပေါင်းကာ GCBA-General Council of Burmese Associations၊ မြန်မာအသင်းများအဖွဲ့ချုပ်ခေါ် ဂျီစီဘီအေ တည်ထောင်ခဲ့သည်။ ဂျီစီဘီအေသည် အမျိုးဘာသာ သာသနာအရေး အလေးထားဆောင်ရွက်ရင်း ဗြိတိသျှနယ်ချဲ့အစိုးရ၏ ကျွန်စော်နံသော၊ ကျွန်ဝန်ထမ်းများ မွေးထုတ်ရန် ရည်ရွယ်သော၊ တကယ့်အဆင့်မြင့် ပညာရပ်များကို သင်မပေးဘဲ ကျွန်သက်ရှည်စေရန်ကိုသာ သင်ပေးသော ကျွန်ပညာရေးစနစ်ကို ကျောင်းသား၊ ကျောင်းသူများသာမက မိဘပြည်သူတစ်မျိုးသားလုံးနှင့်အတူ ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ကြသည်။ တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုကြောင့် ၁၉၂၀ပြည့်နှစ် ရန်ကုန်ယူနီဗာစီတီ(တက္ကသိုလ်) အက်ဥပဒေကို နယ်ချဲ့အစိုးရက ပြန်လည်ပြင်ဆင် ရေးဆွဲပေးခဲ့ရသည်။ ဤသို့ဖြင့် တစ်မျိုးသားလုံး၏ အောင်ပွဲ၊ မြန်မာလူထုအောင်ပွဲ၊ မြန်မာတို့၏ အမျိုးသားရေး အောင်ပွဲခံနိုင်ခဲ့သည်။

ဂျီစီဘီအေ အသင်းချုပ်ကြီးက မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု၏ အဆင့်တစ်ဆင့်ဖြစ်သော မြန်မာတို့၏ အမျိုးသားရေးစိတ်ဓာတ်များ တိုးပွားရှင်သန်စေရန် နှစ်စဉ်ရက်တစ်ရက် သတ်မှတ်ပြီး အမျိုးသားနေ့ ကျင်းပရန် စဉ်းစားခဲ့ကြသည်။ ဂျီစီဘီအေညီလာခံ ကိုယ်စားလှယ်တစ်ဦးက ဂျီစီဘီအေ တည်ထောင်သောနေ့ကို အဆိုပြုသည်။ တစ်ဦးက ဆရာတော်ဦးဥတ္တမ နယ်ချဲ့ကို ဆန့်ကျင်ဟောပြော၍ ထောင်ကျသောနေ့၊ နောက်တစ်ဦးက ဆရာတော် ဦးဥတ္တမ ထောင်ကလွတ်သောနေ့ စသည်ဖြင့် အဆိုတင်ကြသည်။ အခြား ကိုယ်စားလှယ်နှစ်ဦးကမူ ၁၉၂၀ပြည့်နှစ် ဒီဇင်ဘာလ ၅ရက် (တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက်နေ့)သည် ယူနီဗာစီတီ အက်ဥပဒေကဲ့သို့သော နယ်ချဲ့ဗြိတိသျှအစိုးရ၏ ကျွန်စော်နံဟောင်နေသည့် ဥပဒေကို တစ်မျိုးသားလုံး ဆန့်ကျင်ကန့်ကွက်တိုက်ပွဲဝင်ရာ၌ အောင်ပွဲခံသောနေ့ဖြစ်၍ ထိုနေ့ကိုအမျိုးသားနေ့အဖြစ် သတ်မှတ်သင့်ကြောင်း၊ ထိုနေ့သည် အမျိုးသားနေ့သာမက အမျိုးသားအောင်ပွဲနေ့ဖြစ်ကြောင်း အဆိုတင်ရာ ညီလာခံက လက်ခံဆုံးဖြတ်ခဲ့သည်။

ဤသို့ဖြင့် နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက်နေ့တိုင်း မြို့တိုင်းတွင် အမျိုးသားနေ့ (ဝါ)အမျိုးသားအောင်ပွဲနေ့ ကျင်းပကြသည်။ တစ်မြို့လုံးမှ မြို့သူ၊ မြို့သား၊ ကျောင်းသူ၊ ကျောင်းသားများ အမျိုးသားနေ့ အခမ်းအနားသို့ တက်ရောက်ဆင်နွှဲကြသည်။ အမျိုးသားနေ့ ကြွေးကြော်သံများကို လွတ်လပ်ရေးကြိုးပမ်းမှုသို့ ရှေးရှုသတ်မှတ်ကြွေးကြော်ခဲ့ကြသည်။ **“အမျိုးသားနေ့ ဒို့နေ့ ဒို့နေ့”** ဟူ၍ နှစ်စဉ် ရှေ့မှကြွေးကြော်ကာ **“ကျွန်ပညာ အလိုမရှိ၊ လုံးဝလွတ်လပ်ရေး ချက်ချင်းပေး၊ သခင်မျိုးဟေ့ ဒို့ဗမာ၊ အရေးတော်ပုံ အောင်ရမည်”** ဟူသော ကြွေးကြော်သံများကို ကြွေးကြော်ခဲ့ကြသည်။ အမျိုးသားနေ့ အခမ်းအနားများ၌ မျိုးချစ်ပုဂ္ဂိုလ်များက အမျိုးသားရေးစိတ်ဓာတ်၊ လွတ်လပ်ရေးစိတ်ဓာတ်၊ နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်များ တဖွားဖွား တက်ကြွလာအောင် ဟောပြောလှုံ့ဆော်ခဲ့ကြသည်။

ယနေ့ဆိုလျှင် အမျိုးသားနေ့ ပေါ်ထွန်းလာသည်မှာ ၈၈နှစ်တိုင်ခဲ့ပေပြီ။ လွတ်လပ်ရေး ပြန်လည်ကြိုးပမ်းယူသည့် အမျိုးသားရေးလှုပ်ရှားမှု မှတ်တိုင်များကို ပြန်ပြောင်းကြည့်လျှင် ၁၈၂၄ (ပထမအင်္ဂလိပ်-မြန်မာ စစ်ပွဲ)မှသည် ၁၈၅၂ ဒုတိယစစ်ပွဲ၊ ၁၈၈၅ တတိယစစ်ပွဲကာလများတွင် တောင်ပေါ်မြေပြန့် တိုင်းရင်းသားစုံ မျိုးချစ်များက ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့ကျူးကျော်ရေးတပ်များကို သူ့ကျွန်မခံ ခုခံတွန်းလှန်သော စစ်ပွဲများ ဆင်နွှဲခဲ့ရာ ၁၉၀၀ပြည့်လွန် နှစ်များအထိ မြန်မာ့မြေပေါ်မှ နယ်ချဲ့သွေးများကို သွေးဆေးကန်၌ ဆေးကြောနေခဲ့ရဆဲဖြစ်သည်။ ယင်းသူ့ကျွန်မခံ ခုခံ တွန်းလှန်သော တိုက်ပွဲများတွင် တိုင်းရင်းသားမျိုးချစ်များသည် နိုင်ငံချစ်စိတ်၊ နိုင်ငံကာကွယ်လိုစိတ်၊ နယ်ချဲ့ဆန့်ကျင်စိတ်၊ အမျိုးသားရေး ဇာတိမာန် တို့ကိုအခြေခံကြသည်။ မည်သည့် နိုင်ငံရေးဝါဒမျှ မစွဲကပ်ခဲ့ကြ။ အမျိုးသား နိုင်ငံရေးစစ်စစ်ဖြင့် တိုက်ခဲ့ကြခြင်းဖြစ်သည်။

၁၉၀၆ ခုနှစ်တွင် ဖွဲ့စည်းသော ဝိုင်အမ်ဘီအေ၊ ၁၉၂၀ ပြည့်နှစ်တွင် ဖွဲ့စည်းသော ဂျီစီဘီအေ၊ ၁၉၃၀ပြည့်နှစ်တွင် တည်ထောင်ခဲ့သော တို့ဗမာအစည်းအရုံး၊ ၎င်းနောက် ရဲဘော်သုံးကျိပ်၊ မြန်မာ့လွတ်လပ်ရေးတပ်မတော် (BIA)၊ မြန်မာ့ကာကွယ်ရေးတပ်မတော် (BDA)နှင့် ဖတပလ၊ ဖဆပလ (ဖွဲ့စည်းစကာလအထိ)တို့သည် အမျိုးသားလွတ်လပ်ရေးအတွက် အမျိုးသား နိုင်ငံရေးကို ဦးထိပ်ထားပြီး ဆောင်ရွက်ခဲ့ကြသည်။

မြန်မာတို့၏ အမျိုးသားကောင်းစားရေး၊ အမျိုးသားအကျိုးစီးပွား၊ အမျိုးသားလွတ်မြောက်ရေးတို့ကို အမျိုးသားနိုင်ငံရေး လမ်းကြောင်းပေါ်၌ စည်းလုံးညီညွတ်စွာ လျှောက်လှမ်းခဲ့ကြသည်။ လွတ်လပ်ရေးရလုဆဲဆဲကာလနှင့် လွတ်လပ်ရေးရပြီးစကာလများ၌ နိုင်ငံရေးအယူဝါဒများ ဝင်ရောက်စွဲကပ်လာကြပြီး ပါတီစွဲ၊ ဂိုဏ်းဂဏစွဲ၊ ဝါဒစွဲ၊ လူစွဲ၊ မူစွဲ၊ အာဏာစွဲ၊ အာဃာတစွဲ၊ သံသယစွဲစသည့် အစွဲပယောဂမျိုးစုံဖြင့် မြန်မာ့လွတ်လပ်ရေးလမ်းကြောင်း၊ မြန်မာ့တိုးတက်ဖွံ့ဖြိုးရေးလမ်းကြောင်းကို ပြောင်းပြန်လျှောက်လာကြသည်။ အချင်းချင်း လက်နက်ကိုင်တိုက်လာကြသည်။ ယင်းတိုက်ပွဲများအကြား၌ လွတ်လပ်လာပြီးနောက် လွတ်လပ်ရေးအရသာခံနိုင်ရန် မျှော်လင့်နေသော ပြည်သူများမှာ မြေစာပင်ဖြစ်ခဲ့ရသည်။ အမျိုးသား(တိုင်းရင်းသား) စည်းလုံးညီညွတ်ရေး ပြိုကွဲသွားကာ အမျိုးသားနိုင်ငံရေးလမ်းကြောင်းကို သွေဖည်လာကြသည်။

ဤနိုင်ငံသည် ရေ၊ မြေသြဇာနှင့် ဥတုရာသီကောင်းသည်။ စိုက်မြေပျိုးမြေကြွယ်ဝသည်။ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သဘာဝသယံဇာတ၊ နိုင်ငံပိုင် မနုဉ္စာရတနာများ ပေါများသည်။ ညီညွတ်လက်ယှက်ဆောင်ရွက်ကြလျှင် ပြည်သူတို့ ငြိမ်းချမ်းလုံခြုံစွာ နေနိုင်မည်။ နိုင်ငံစီးပွား ကြီးထွားအသရေတင့်ပြီး ရေမြင့်လာမည်။ ရေမြင့်လျှင် ပြည်သူတို့၏ လူနေမှုအဆင့်အတန်းတည်းဟူသော ကြာပန်းများသည်လည်း လန်းစွင့် မြင့်တက်လာနိုင်မည်။ ထို့ကြောင့် ယနေ့ မြန်မာတို့လိုအပ်နေသော၊ ဆန္ဒရှိနေသော၊ သမိုင်းက တောင်းဆိုနေသော ဝါဒမှာ အမျိုးသားနိုင်ငံရေးဝါဒပင်ဖြစ်သည်။

အမျိုးသား နိုင်ငံရေးဟူသည် မိမိ၊ မိမိလူသိုက်၊ မိမိပါတီ အာဏာရရေး၊ မိမိတို့ ယုံကြည်ထားသော နိုင်ငံခြားဖြစ်ဝါဒများ အကောင်အထည်ဖော်ရေးတို့ကို ရှေးရှုသော ပါတီနိုင်ငံရေးနှင့် လားလားမျှမတူ ကွဲပြားခြားနားလှပေသည်။ အမျိုးသားအကျိုးစီးပွားကို လိပ်ပြာသန့်သန့်၊ စိတ်စေတနာ သန့်သန့်ဖြင့် အစွဲကင်းစွာ ဖွဲ့တင်းပြီး အမြဲလင်းမည့်ပန်းတိုင်သို့ ရှေးရှုဆောင်ရွက်သော နိုင်ငံရေးပင် ဖြစ်သည်။

ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံသည် ယခင်အစိုးရများ ကြိုးစားအားထုတ်ကြသော်လည်း မအောင်မြင်၊ မရယူနိုင်ခဲ့သည့် ပြည်တွင်းငြိမ်းချမ်းရေးကို ရယူနိုင်ပြီဖြစ်သည်။ ပိတ်ဆို့ နှောင့်ယှက်နေကြသည့်ကြားမှ ပြည်ထောင်စုတစ်လွှား၊ နယ်စွန်နယ်ဖျား၊ ကျေးလက်မကျန် ဘက်ပေါင်းစုံ၌ တိုးတက်ဖွံ့ဖြိုးလာနေပြီဖြစ်သည်။ အနာဂတ် မြန်မာ့စီးပွားရေးပန်းတိုင် အရောက်လှမ်းနိုင်မည့် အခြေခံအဆောက်အအုံများဖြစ်သော လမ်း၊ တံတား၊ ဆည်မြောင်း တာတမံ၊ ကျောင်း၊ ဆေးရုံ၊ စက်ရုံ၊ စက်မှုလယ်ယာလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားပေး စက်ရုံတို့ဖြင့် ဝေဆာစည်ပင်နေပြီ ဖြစ်သည်။

ပြည်သူတစ်ရပ်လုံး ပိုင်ဆိုင်နေရမည့် အချုပ်အခြာအာဏာကို စည်းကမ်းဥပဒေနှင့်အညီ ပြည်သူတို့ ရွေးချယ်တာဝန်ပေးသော ပြည်သူ့ကိုယ်စားလှယ်များက ကျင့်သုံးကာ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးသော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီပန်းတိုင်အရောက် လှမ်းတက်နိုင်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ကိုလည်း ပြည်သူတို့က ထောက်ခံအတည်ပြုပေးထားပေပြီ။

သို့ဖြစ်၍-

အမျိုးသားရေးအကျိုးစီးပွားအတွက် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်များသို့ ညီညာဖြိဖြိ လက်တွဲလျှောက်လှမ်းကြရန် မြန်မာအမျိုးသားအားလုံး(တစ်မျိုးသားလုံး) အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံမည့် ပြည်ထောင်စုစိတ်ဓာတ် ကိုယ်စီဖြင့် တက်တက်ကြွကြွ စည်းစည်းလုံးလုံး ဆောင်ရွက်သွားကြပါစို့ ဟု အမျိုးသားနေ့ကို ကြိုဆိုဂုဏ်ပြု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံသည် ယခင်အစိုးရများ ကြိုးစားအားထုတ်ကြသော်လည်း မအောင်မြင်၊ မရယူနိုင်ခဲ့သည့် ပြည်တွင်းငြိမ်းချမ်းရေးကို ရယူနိုင်ပြီဖြစ်သည်။ ပိတ်ဆို့ နှောင့်ယှက်နေကြသည့်ကြားမှ ပြည်ထောင်စုတစ်လွှား၊ နယ်စွန်နယ်ဖျား၊ ကျေးလက်မကျန် ဘက်ပေါင်းစုံ၌ တိုးတက်ဖွံ့ဖြိုးလာနေပေပြီ။

အမျိုးသားရေးအကျိုးစီးပွားအတွက် အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်များသို့ ညီညာဖြိဖြိ လက်တွဲလျှောက်လှမ်းကြရန် မြန်မာအမျိုးသားအားလုံး (တစ်မျိုးသားလုံး) အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံမည့် ပြည်ထောင်စုစိတ်ဓာတ်ကိုယ်စီဖြင့် တက်တက်ကြွကြွ စည်းစည်းလုံးလုံး ဆောင်ရွက်။

21-11 (10).pmd 1 11/21/2008, 2:55 AM

● *ကျောဖုံးမှ*

ဖြည်းညင်းစွာ တိုက်ခတ်လာသော သန့်ရှင်းလတ်ဆတ်သည့် လေကို ရှူရှိုက်ရုံမျှဖြင့် ပင်ပန်းနွမ်းနယ်သမျှကို စိတ်သက်သာစွာ ရခဲ့ပြီးဆိုတဲ့ ဖလမ်းမြေမှာ မိမိတို့ မြန်မာ့အလင်းသတင်းအဖွဲ့ နားခိုခဲ့တာ နောက်ဆုံးနေ့ ဖြစ်ပါသည်။ အောက်တိုဘာ၃၀ရက်သည် ကြာသပတေးနေ့ဖြစ်သလို ရုံးဖွင့်ရက်ဖြစ်သောကြောင့် ယမန်နေ့က တစ်နေ့လုံးလုံး ပံ့ပိုးကူညီခဲ့သော ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးမန်းစိန် ရုံးတက်ရာ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ခဲ့ရပြန်သည်။

တိုးတက်လာ

ဖလမ်းခရိုင် ရုံးတည်ရာကို မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးနေရင်း ဓာတ်ပုံကျွမ်းကျင်(၂) ဦးမန်းလျန်ဟမ်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် နယ်မြေဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရာမှာ ကျေးလက်ပညာပေးလုပ်ငန်းစဉ်ကို ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်မှာ နံရံကပ်စာစောင်ပြပွဲ (၁၅)ကြိမ်၊ ဓာတ်ပုံပြပွဲ (၁၅)ကြိမ်၊ ဟောပြောပွဲ (၁၅)ကြိမ်၊ နယ်လှည့်(၁၂)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး ရုပ်မြင်သံကြားပြသသည့်အကြိမ်ပေါင်း ၆၀၊ ကြည့်ရှုသူ ၆၂၀၊ စာကြည့်တိုက် လုပ်ငန်းတွင် စာအုပ်ပေါင်း ၄၈၂၅အုပ်၊ စာကြည့်တိုက်အသင်းဝင် တိုးဦးရေ ၇၉ဦး၊ စာအုပ်ငှားရမ်းသူ ၉၂၃ဦး၊ စာဖတ်သူ ၈၈၆ဦး တိုးတက်လာပြီးဖြစ်ကြောင်း ပြောကြားသည်။

စီစဉ်ပေးမည်

ခဏအကြာ ခရိုင်ဦးစီးအရာရှိ ဦးမန်းစိန်က ရက်ကန်းကျောင်း ကျောင်းအုပ်ဆရာမကြီးဒေါ်သိန်းဌေးလာသွားကြောင်း၊ သွားရောက်လေ့လာနိုင်ရန် စီစဉ်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ မြန်မာ့အလင်းသတင်းအဖွဲ့သည်ဆရာဦးမန်းစိန်၊ ဆရာဦးမန်းလျန်ဟမ်တို့နှင့် အတူ ဆိုင်ကယ်ကိုယ်စီဖြင့် ရက်ကန်းကျောင်းရှိရာသို့ ထွက်ခွာခဲ့ကြသည်။

ရက်ကန်းကျောင်းအဝင် သမဝါယမဝန်ကြီးဌာန အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အထက်တန်းရက်ကန်းကျောင်း ဖလမ်းမြို့ဟူသော ဆိုင်းဘုတ်ကို တွေ့လိုက်ရသည်။

ဖွင့်လှစ်နိုင်

ခရီးရောက်မဆိုက် ဆရာမကြီးဒေါ်သိန်းဌေး၏ရှင်းပြချက်အရ “အထက်တန်းရက်ကန်းကျောင်းသည် ချင်းပြည်နယ်မြောက်ပိုင်း ဖလမ်းမြို့ ကျင်မွှာလ်ရပ်ကွက် (ကလေး-ဖလမ်း-ဟားခါး)သွားလမ်းမကြီးပေါ်၌ တည်ရှိပြီး ၁၉၅၄ခုနှစ်တွင် ဖလမ်းမြို့ ရက်ကန်းကျောင်းဟု စတင်ဖွင့်လှစ်ခဲ့ကြောင်း။ မြေအကျယ်အဝန်းမှာ ၂ဒသမ ၄၂၆ဧကရှိကြောင်း။ ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်သူတစ်နှစ်သင်တန်း ရက်ကန်းကျောင်းများ ဖွင့်လှစ်ထားပြီးဖြစ်သည်။

ဆက်လက်မေးမြန်း

သင်ကြားရေးအပိုင်းနှင့် ပတ်သက်ပြီး အလုပ်ရုံစုမှူးဒေါ်ရွှန်နယ်ဖိန်းနှင့်လက်ထောက် ဒုတိယနည်းပြ ဒေါ်ရွှန်နယ်မော်အီးတို့အား ဆက်လက်မေးမြန်းကြည့်ရာ- “ချင်းပြည်နယ် ဖလမ်းမြို့နယ် ရီခေါဒါရ်ရွာ၌ နေထိုင်ကြောင်း။ ဒေသခံ တိုင်းရင်းသားများ ဖြစ်ကြောင်း။ သင်တန်းကာလမှာ မတ်လ ပထမပတ်မှာ လျှောက်လွှာ စတင်လက်ခံ၍ ဧပြီလပထမပတ်မှာ လျှောက်လွှာပိတ်ကြောင်း။ ဧပြီလ ဒုတိယပတ်မှာ လူတွေ့စစ်ဆေးမှု ပြုလုပ်ကြောင်း။ ဇွန်လ ၆ရက်တွင် ဖွင့်ပြီး မေ၃၀ရက်၌ သင်တန်းပိတ်ကြောင်း” ရှင်းပြသည်။



“ကျောင်းအုပ်တာဝန် ထမ်းဆောင်တာ ခုနစ်နှစ်ရှိပါပြီ” ဒေါ်သိန်းဌေး ကျောင်းအုပ်ဆရာမကြီး အခြေခံအထက်တန်းရက်ကန်းကျောင်း

ကို သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် နှစ်စဉ် ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း။ ၁၉၉၂-၁၉၉၃ ပညာသင်နှစ်မှအစ အထက်တန်းရက်ကန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ကြောင်း” သိရသည်။

စတင်ဆောင်ရွက်ခဲ့

ဆရာမကြီးသည် B.A (History) နှင့် ဘွဲ့ရပြီး မုံရွာမြို့ အထက်တန်းရက်ကန်းကျောင်းမှာ ၁၉၉၀ မှ ၁၉၉၄ခုနှစ်အထိ လက်ထောက်ဒုတိယနည်းပြအဖြစ် စတင်ဆောင်ရွက်ခဲ့၍ ၁၉၉၆မှ ၁၉၉၉ခုနှစ်အထိ ဆောင်းဒါးရက်ကန်းကျောင်း၌ အကြီးတန်းနည်းပြအဖြစ် ထမ်းဆောင်ခဲ့ပြီးနောက် ၂၀၀၁ခုနှစ်မှ ယခုတိုင် ကျောင်းအုပ်တာဝန် ထမ်းဆောင်ခဲ့သည်မှာ ခုနစ်နှစ်ရှိပြီဖြစ်ကြောင်း ပြောကြားသည်။

အဆင့်မြင့်

မြန်မာနိုင်ငံတွင် အခြေခံအထက်တန်းရက်ကန်းကျောင်းအဆင့်မြင့် ဆောင်းဒါးရက်ကန်းကျောင်းများကို အမရပူရမြို့၌ အဆင့်မြင့် ဆောင်းဒါးရက်ကန်းကျောင်း၊ ဖလမ်းမြို့၊ မုံရွာမြို့၊ ပခုက္ကူမြို့၊ မိတ္ထီလာမြို့၊ တောင်ကြီး၊ ရွှေတောင်မြို့၊ စစ်တွေမြို့၊ မုဒုံမြို့များမှာ အထက်တန်းရက်ကန်းကျောင်း၊ မင်းတပ်မြို့၊ မြစ်ကြီးနားမြို့၊ ဘားအံမြို့၊ လှိုင်ကော်မြို့၊ ကျောက်မဲမြို့တို့မှာ အခြေခံ

စက်ရက်ကန်း သဘောတရားကိုလည်း ဤသို့ သင်ကြားပြသပေးသည်။
(မြန်မာ့အလင်း)

လေ့ကျင့် သင်ကြားရင်းဖြင့်လည်း ၁/၂၀ချည်၊ အိန္ဒိယပန့်ချည်ရောင်စုံများကို အသုံးပြု၍ ချင်းရိုးရာဂျပ်ခုပ်၊ စာပလွေကြိုးအတတ်ပညာ၊ ရိုးရာစင်တပ်ခြင်း၊ တီထွင်စမ်းသပ်မှု၊ သုတေသနပြုခြင်းများ ဆောင်ရွက်နိုင်ကြောင်း၊ ဒေသထွက် သဘာဝ ဆေးဆိုးနည်းပညာ လက်ရက်ကန်း၊ စက်ရက်ကန်းများဖြင့် ဆောင်းဝတ်အင်္ကျီ၊ အိပ်ရာခင်း၊ ကျားဝတ်၊ မဝတ်လုံချည်၊ ကြမ်းချော စားပွဲခင်း၊ လက်သုတ်ပဝါ၊ ကျောင်းစိမ်း၊ ဌာနဝတ်စုံများ၊ ရိုးရာလုံချည်ထဘီ၊ ရိုးရာပဝါ၊ ရိုးရာတဘက်၊ ရိုးရာစောင်၊ ကျောင်းသုံးလွယ်အိတ် အမျိုးမျိုးစသည့် ရိုးရာမပျက် ခေတ်မီဒီဇိုင်းအမျိုးမျိုး ထုတ်လုပ်ကြောင်း သိရသည်။

သင်ကြားပေး

သင်တန်းခန်းမသို့ သွားရောက်ပြီး လုပ်ငန်းခွင်ဝင်နေသူ ဒေသခံတိုင်းရင်းသူတစ်ဦးအား မေးမြန်းကြည့်ရာ “သမီးက မောင်နှမခြောက်ယောက်အနက် အငယ်ဆုံးသမီးဖြစ်ပါတယ်၊ ကိုယ့်ခြေပေါ်ကိုယ်ရပ်တည်နိုင်အောင် ကြိုးစားနေပါတယ်၊ အခြားသူ အားကိုးလိုစိတ်မမျှော်လင့်ပါဘူး၊သင်တန်းပြီးဆုံးပါကရက်ကန်းအတတ်ပညာဖြင့် အသက်မွေးမှုပြုမှာဖြစ်ပါတယ်။ သမီးတို့ဒေသ တိုင်းရင်းသားများ၊ ရက်ကန်းပညာ သင်ကြားပေးသော ဆရာမများအား ကျေးဇူးတင်ပါတယ်”ဟူ၍ ပြောကြားသည်။

သင်ကြားရေးတွင် စာတွေ့ လက်တွေ့သင်ကြားရေးကို ဆရာမလေးဦးဖြင့် နေ့စဉ် အချိန်ဇယား သင်နည်း မှတ်ချက်များနှင့် အတူ နံနက်၈နာရီမှ ၁၁နာရီအထိ စာတွေ့ သင်ကြားပေးသည်။ မွန်းတည့်၁၂နာရီမှ ညနေ၄နာရီအထိ လက်တွေ့ဘာသာရပ်များဖြစ်သည်။ လက်ရက်ကန်းခုနစ်ဦး၊ စက်ရက်ကန်းခုနစ်ဦး၊ အဖြူချုတ် ဆေးဆိုးခြောက်ဦး၊ အဖွဲ့သုံးဖွဲ့ခွဲပြီး တစ်လတစ်ကြိမ် လှည့်လည်သင်ကြားပို့ချသည်။

အထောက်အကူပြု

ဤသို့ဖြင့် တိုင်းရင်းသားရိုးရာရက်ကန်းပညာများကို ရိုးရာမပျက် ထိန်းသိမ်းရန်နှင့် ပြည်နယ်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်တော့မည်ဖြစ်သည်။

နိုင်ငံတကာအဆင့်မီ

မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ လူငယ်များသို့ လက်ဆင့်ကမ်းပေးခြင်း၊ ချည်မျှင်နှင့် အထည်အလိပ်ဆိုင်ရာ စက်ရုံ အလုပ်ရုံ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကိုယ်ပိုင်အထည်အလိပ်လုပ်ငန်းများတွင် ကျွမ်းကျင်ပညာရှင်များဖြစ်အောင် မွေးထုတ်ပေးခြင်းဖြစ်၍ ခေတ်သစ် စနစ်သစ်ဖြင့် နိုင်ငံတကာအဆင့်မီ အထည်များ ထွက်ပေါ်လာပြီး ချင်းပြည်နယ်တစ်ခွင် ရွှေချည် ငွေချည်တန်း၍ ရွှေပင်ငွေပင်များ ပေါက်ရောက်နိုင်တော့မည်ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့အလင်းသတင်းအဖွဲ့က လုပ်ငန်းခွင်ဝင်နေသူ ဒေသခံတိုင်းရင်းသူများအား ဤသို့ တွေ့ဆုံမေးမြန်းခဲ့သည်။
(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၂၁-၁၁-၂၀၀၈ ရက် (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၇:၅၅ ၅။ ငါ့သရောက်ရေလှောင်တမံ
၈:၁၀ ၆။ အကပြိုင်ပွဲ
၈:၃၀ ၇။ International News
၈:၄၅ ၈။ **၄က်တစ်သောင်း** ကင်းကောင်၊ ၄က်ပျောကြော် ထူးမွန်၊ အကယ်ဒမီစိုးရွှေ ဦးမြင့်စိုး

ညပိုင်း

၂:၅၀ ၁။ **တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲ (တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်) (ဗိုလ်လုပွဲ) မြန်မာနှင့် အင်ဒိုနီးရှား**
၅:၀၀ ၂။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သမိုင်းအထူးပြု) (သမိုင်း)
၅:၁၅ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၃၀ ၄။ နိုင်ငံ့စီးပွား အလေးထား ကျေးလက်ထုတ်ကုန်များ
၅:၄၅ ၅။ တေးဂီတအစီအစဉ်
၆:၀၀ ၆။ ညနေခင်းသတင်း
၆:၃၀ ၇။ မိုးလေဝသအခြေအနေ
၆:၃၅ ၈။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၀၀ ၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မှုန်တိုင်း**(အပိုင်း-၂၈)
၈:၀၀ ၁၀။ ပြည်တွင်းသတင်း
၁၁။ နိုင်ငံတကာသတင်းများ
၁၂။ မိုးလေဝသအခြေအနေ
၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၄၈)

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် နိုဝင်ဘာ ၂၀

စီးပွားရေးတက္ကသိုလ် (ရန်ကုန်) အာစရိယပူဇော်မည်

မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း (MIEGA) က ကြီးမှူး၍ (၄၄)နှစ်မြောက် စီးပွားရေးတက္ကသိုလ်တည်ထောင်သောနေ့ အထိမ်းအမှတ် (၁၄) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၁ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် စီးပွားရေးတက္ကသိုလ် (ရန်ကုန်) အခန်း(၁၀)၌ ကျင်းပမည်ဖြစ်သည်။

အထက (၃) လှိုင် (အိုကေကျောင်း) မြတ်ဆရာပူဇော်ပွဲ

ရန်ကုန်တိုင်း လှိုင်မြို့နယ် အထက(၃) လှိုင် (အိုကေကျောင်း) ကျောင်းသားကျောင်းသူဟောင်းများ၏ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို နိုဝင်ဘာ၂၂ရက် (စနေနေ့)တွင် အထက(၃) လှိုင် (အိုကေကျောင်း)ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အလက (၂) ရန်ကင်း အာစရိယပူဇော်မည်

အလက(၂) ရန်ကင်း (စိန့်ဖေးဗီးယား)တွင် ၁၉၆၇ခုနှစ်မှ ၁၉၈၁ခုနှစ်အထိ ပညာသင်ကြားပို့ချခဲ့သော အသက်ဖ၀ပြည့်ပြီး ဆရာ ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို ယင်းကျောင်း၏ တေဇခန်းမ၌ ဒီဇင်ဘာ၂၀ရက် နံနက်၉နာရီ၌ ကျင်းပမည်ဖြစ်သည်။

တောင်ငူ အထက(၆) အာစရိယပူဇော်ပွဲ

တောင်ငူမြို့ အထက(၆)တွင် တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူသွားကြသော သက်ပြည့်အငြိမ်းစား ဆရာ ဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများက အဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၇ရက်(စနေနေ့) နံနက်၈နာရီတွင် တောင်ငူမြို့ အထက(၆) ခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

ဒိုက်ဦးမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ဒိုက်ဦးမြို့နယ်အသင်း (ရန်ကုန်)၏ (၂၈)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် သိမ်ကြီးဈေး မဟာသိမ်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

ဘူမိဗေဒဘွဲ့ရ ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန်တက္ကသိုလ်မှ ၁၉၇၃-၁၉၇၄-၁၉၇၅ ဘူမိဗေဒဘွဲ့ရ ကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ၁၈ရက် (တနင်္ဂနွေနေ့)တွင် တက္ကသိုလ်များမွေ့ရုံ၌ ကျင်းပရန် စီစဉ်လျက်ရှိသည်။

အာရှရေကြောင်းပညာနှင့် ငါးလုပ်ငန်းတက္ကသိုလ်များဆွေးနွေးပွဲ

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပသည့် သတ္တမအကြိမ် အာရှရေကြောင်းပညာနှင့် ငါးလုပ်ငန်းတက္ကသိုလ်များ နှစ်ပတ်လည်ဆွေးနွေးပွဲ (၂၀၀၈)ကို နိုဝင်ဘာ ၁၂ရက်မှ ၁၄ရက်အထိ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ခန်းမ၌ ကျင်းပခဲ့သည်။

ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း မျက်နှာစုံညီအစည်းအဝေး

မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း အသင်းသူ အသင်းသားများ၏ ဒုတိယအကြိမ် မျက်နှာစုံညီအစည်းအဝေးကို နိုဝင်ဘာ ၂၄ရက် (တနင်္လာနေ့) နံနက် ၉နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)၌ ကျင်းပမည်ဖြစ်သည်။

၁၉၇၅-၁၉၈၀ ခုနှစ် ဥပဒေဘွဲ့ရများ အာစရိယပူဇော်မည်

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနမှ ၁၉၇၅-၁၉၈၀ခုနှစ် ဥပဒေဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၈ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ ကန်တော်ကြီး ကရဝိက်နန်းတော်၌ ကျင်းပမည် ဖြစ်သည်။

အထက (၂) ရန်ကင်း အာစရိယပူဇော်ပွဲကျင်းပမည်

ယခင်ကျောက်ကုန်း စိန့်မိုက်ကယ်ကျောင်းမှ ယခုအထက(၂) ရန်ကင်းကျောင်းတွင် ၁၉၅၉-၁၉၆၀မှ ၂၀၀၈ခုနှစ်အထိ နှစ်အဆက်ဆက် ပညာသင်ယူခဲ့သော တပည့်ဟောင်းများက အငြိမ်းစားကျောင်းအုပ်ဆရာမကြီး ဒေါ်လှကြည်နှင့်တကွ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့် အသက်ဖ၀ပြည့်ပြီး အငြိမ်းစားယူသွားသည့်ဆရာ ဆရာမများအား (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယင်းကျောင်း၌ နိုဝင်ဘာ၂၉ရက် (စနေနေ့) ညနေ ၃နာရီတွင် ကျင်းပမည်ဖြစ်သည်။

အထက (သုဝဏ္ဏ) အာစရိယပူဇော်ပွဲ

သင်္ဃန်းကျွန်းမြို့နယ် အထက(သုဝဏ္ဏ) ကျောင်းသားဟောင်းများ၏ သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၁ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အထက(သုဝဏ္ဏ)ကျောင်း၌ ကျင်းပမည်ဖြစ်သည်။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ- အထက်မင်းလှညွန့်အောင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ကျန်းမာရေးဝန်ကြီးဌာန
နို့မှုန့်နှင့်နို့ထွက်ပစ္စည်းများကို အများပြည်သူစားသုံးရန် အန္တရာယ် ရှိ၊ မရှိ စစ်ဆေးရေးအဖွဲ့
ကြေညာချက်အမှတ် (၁/၂၀၀၈)

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မယ်လမင်းပါဝင်သည့် မသန့်ရှင်းသောနို့မှုန့်နှင့် ဆက်နွယ်သည့် ဘေးအန္တရာယ်များမဖြစ်ပွားစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနတို့က ဈေးကွက်ရှိ နို့မှုန့်နှင့် နို့ထွက်ပစ္စည်းအချို့ကို စစ်ဆေးပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့က ၉-၁၀-၂၀၀၈ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်-၄၁/၂၀၀၈ဖြင့်လည်းကောင်း၊ ၁၃-၁၀-၂၀၀၈ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်-၄၂/၂၀၀၈ ဖြင့်လည်းကောင်း ပြည်သူများ စားသုံးရန် မသင့်သည့် မယ်လမင်းပါဝင်သော နို့မှုန့်များစာရင်းကို ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။ သို့သော် တစ်ကြိမ် စစ်ဆေးရုံဖြင့် အစဉ်အမြဲ စားသုံးရန်မသင့်ဟု သတ်မှတ်နိုင်မည် မဟုတ်ပါ။ ထုတ်လုပ်သော အသုတ်အလိုက် (Batch by batch) စစ်ဆေးရမည်ဖြစ်ပါသည်။

၂။ သို့ပါ၍ နို့မှုန့်နှင့်နို့ထွက်ပစ္စည်းများတွင် မယ်လမင်းပါဝင်မှုရှိ၊ မရှိစစ်ဆေးဆောင်ရွက်ရာ၌ လုပ်ငန်းများ ပိုမိုထိရောက်စွာ ပူးပေါင်းနိုင်စေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ဦးဆောင်ပြီး ကျန်းမာရေးဝန်ကြီးဌာနနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနတို့မှ ကျွမ်းကျင်သူပညာရှင်များပါဝင်သည့် နို့မှုန့်နှင့်နို့ထွက်ပစ္စည်းများကို အများပြည်သူစားသုံးရန် အန္တရာယ်ရှိ၊ မရှိ စစ်ဆေးရေးအဖွဲ့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်-(၄၅/၂၀၀၈) ဖြင့် ၂၀၀၈ခုနှစ် အောက်တိုဘာလ ၂၅ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်ပါသည်။

၃။ နို့မှုန့်နှင့် နို့ထွက်ပစ္စည်းများကို အများပြည်သူ စားသုံးရန် အန္တရာယ်ရှိ၊ မရှိ စစ်ဆေးရေးအဖွဲ့သည် မြန်မာနိုင်ငံအတွင်းသို့ ပြည်ပမှတင်သွင်းပြီး ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချခြင်း၊ ပြည်တွင်းတွင်ပြန်လည်ပြုပြင်ထုပ်ပိုးရောင်းချခြင်း၊ ပြည်တွင်း၌ပင် ထုတ်လုပ်ရောင်းချခြင်းများ ပြုလုပ်သည့် နို့မှုန့်နှင့် နို့ထွက်ပစ္စည်းများကို စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ ထိုသို့ စမ်းသပ်စစ်ဆေးရာ၌ တစ်နှစ်အောက်ကလေးငယ်များ သောက်မည့်နို့မှုန့်တွင် မယ်လမင်းပါဝင်မှု ၁ ပီပီအမ် (1 Part Per million)၊ ကလေးနှင့်လူကြီးများ စားသောက်မည့် နို့မှုန့်နှင့်နို့ထွက်ပစ္စည်းများပါဝင်သော အစားအသောက်များတွင် မယ်လမင်းပါဝင်မှု ၂ ဒသမ ၅ ပီပီအမ် (2.5 Part Per million)ထက် ပိုမိုပါဝင်မှုမရှိလျှင် အများပြည်သူစားသုံးရန် အန္တရာယ်မရှိကြောင်း ယာယီအားဖြင့် သတ်မှတ်ထားသည့် နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။

၄။ ဤကဲ့သို့ စမ်းသပ်စစ်ဆေးမှုများအရ နို့မှုန့်နှင့် နို့ထွက်ပစ္စည်းများကို အများပြည်သူစားသုံးရန် အန္တရာယ် ရှိ၊ မရှိ စစ်ဆေးရေးအဖွဲ့က စစ်ဆေးအတည်ပြုထားသည့် အန္တရာယ်မရှိသော နို့မှုန့်နှင့် နို့ထွက်ပစ္စည်းများ စာရင်းကို အောက်ပါအတိုင်း ကြေညာထုတ်ပြန်လိုက်သည်-

စဉ်	အစားအသောက်အမည်	အမှတ်တံဆိပ်	ထုတ်လုပ်အပတ်စဉ်
1	Evaporated Creamer	Dawn Brand	L04PC L16PC L23PC L26PC
2	Sweetened Beverage Creamer	Dawn Brand	E 20W L 18W E 12W L 16W L 18W F 20W L 08W
3	Unsweetened Evaporated Filled Milk	My Boy Brand	1A23:58 2B 17:25 2B 17:24 3A 02:10 1A 23:59 2B 18:41 2A 07:53
4	Sweetened Condensed Beverage Creamer	My Boy Brand	4 05:13 4 04:50
5	Evaporated Creamer	Cow Bell Brand	E 26PC
6	Sweetened Beverage Creamer	Cow Bell Brand	E 15W
7	Sweetened Condensed Non Dairy Creamer	Falcon Brand	2 00:44 5 07:04
8	Sweetened Creamer	F & N Brand	SM 1 09:05H
9	Sweetened Beverage Creamer 390gm	Marigold Brand	E 25W
10	Sweetened Beverage Creamer 390gm	Crown Brand	T 2 01:34 T 1 16:07
11	Lactogen 1 Prebio 1 GOS/FOS ARA/DHA 900gm	Nestle Brand	73310189 1A
12	Lactogen 1 Prebio 1 GOS/FOS ARA/DHA 700gm	Nestle Brand	80400189 6B 80870189 6A
13	Lactogen 1 Prebio 1 GOS/FOS ARA/DHA 350gm	Nestle Brand	80400189 4B
14	Lactogen 2 Prebio 1 GOS/FOS ARA/DHA 700gm/box	Nestle Brand	81670189 6A 82140189 6A
15	Lactogen 2 Prebio1 GOS/FOS ARA/DHA 900 gm/tin	Nestle Brand	80770189 1A
16	Lactogen 2 Prebio1 GOS/FOS ARA/DHA 350 gm/box	Nestle Brand	73550189 4B
17	Bright Kid 4+Milk Powder 400gm/box	Bright Brand	PHGD 182
18	Bright Kid4+Milk Powder (Chocolate) 180gm/box	Bright Brand	PHED 064
19	Bright Kid 4+Milk Powder(Chocolate) 400gm/box	Bright Brand	PHED 120
20	Bright Junior 2+ Growing-up Milk 180gm/box	Bright Brand	PHDD 058E
21	Bright Junior 2+ Growing-up Milk 1000gm/tin	Bright Brand	PHDD 060E
22	Weight Gain Milk Formula (Adult) 450 gm/tin	Appeton	56439194
23	Weight Gain Milk Formula(3-12 Year) 450 gm/tin	Appeton	57628318
24	Infant Formula Milk 350 gm/tin	Mylac Excel Brand	3417
25	Follow up Formula Milk Powder 350 gm/tin	Hi-Nulac Excel Brand	5017
26	Whole Milk Powder 25 kg/bag	NZMP Brand	HS 19 LS 17
27	Skim Milk Powder 25kg/bag	NZMP Brand	IS 28 AS 07
28	Ensure Powder with Vanilla Flavour 1000gm/tin	Ensure Brand	60136 QU 001583
29	Pediasure Powder with Vanilla Flavour 900 gm/tin	Pediasur Brand	63384YX
30	Pure Milk 1000ml	Cowhead Brand	LS 18
31	Malt Based Food 400gm/bottle	Maltova Brand	J0206H
32	Sweet Whey Powder (45%Demineralized) 25kg/bag	Ostrowia Brand	228/08 123/08
33	Malted Milk 400gm/box	Ovaltine Brand	080903
34	Ovaltine (3in 1) 20gm/sachet	Ovaltine Classic Power-10 Brand	A080 623A5
35	Nutritious Malted Drink(Chocolate) 400 gm/Jar	Ovaltine Power-10 Brand	080913
36	Sweet Cream Butter Milk Powder 25 kg/bag	MG Brand	697
37	Sweet Whey Powder 25 kg/bag	Mlekovita Brand	228
38	Milk Powder: Chocolate Flavour 200 gm/box	Prime(Enervon) Brand	PHHD 265
39	Milk Powder: 200 gm/ box	Prime (Enervon) Brand	PHFD 169
40	Full Cream Milk Powder 25 kg/bag	Golden River Brand	08023
41	Whipping Cream	President	1204
42	UHT Fresh Milk	Magnolia	8334/046
43	Full Cream Milk	Marigold	9222/045
44	Full Cream Milk	Dutch Lady	BCWC 09:07
45	Milo Milk 200 ml	Nestle	81933700
46	Sweetened Condensed Creamer	Brownhead	N 103
47	Sweetened Condensed Filled Milk	Ship Brand	2
48	Soy Follow-on Formula 400 gm/tin	Isomil 2 Advance Brand	58271 NR
49	Growing-up Milk Powder 900gm/tin	Gain IQ Brand	63543 NT
50	Glucema SR Powder (Vanilla Flavour) 900 gm/tin	Glucema SR Brand	64144 QU 01003254
51	Non-Dairy Creamer 25kg/bag	-	-
52	Non Dairy Creamer 25kg/bag	-	11-15
53	Donut Mix	-	0921
54	Complete Nutrition in A Tasty Drink 1000gm/tin	Heinz Complan Brand	17526 NZ 888
55	Complan Vanilla Flavour 55gm/sachet	Complan Brand	67207
56	Sweetened Beverage Creamer	OK	L 08 W K 01 W
57	Evaporated Creamer	OK	L 30 PC L 15 PC K 10 PC L 30 PC
58	Evaporated Creamer	Carnation	82273 00068
59	Sweetened Beverage Creamer	Carnation	8228000 7D
60	Non-Dairy Creamer	-	07M-CIL-215
61	Topping Cream 1 Lit/pkt	Red Man	2345.473
62	UHT Soy Milk Plus Green Tea (Vegetarian Formula Lactasoy) 1000ml	Lactasoy	QC5
63	UHT Soy Milk Original Classic 250ml	Lactasoy	4 D 6
64	UHT Soy Milk Plus Green Tea (Vegetarian Formula Lactasoy) 125ml	Lactasoy	5-6-23CF1
65	UHT Soy Milk Original Classic 125ml	Lactasoy	18098 GB
66	Non-Dairy Creamer 25kg/bag	-	-
67	Non-Dairy Creamer 25kg/bag	-	S 99 R 08 08-65
68	Milk Powder-Dulac Infant Formula Step-1 350gm/tin	Dumex	YT 34/2
69	Milk Powder-Dulac Infant Formula Step-1 650gm/pouch	Dumex	0709
70	Milk Powder-Dulac Infant Formula Step-1 800gm/tin	Dumex	YR 14/1
71	Milk Powder Dugro1 Plus (Fine Cereal) 650gm/pouch	Dumex	04/13
72	Milk Powder Dugro 1Plus 1.6kg/tin	Dumex	YT 25/1
73	Milk Powder Dugro 1Plus 650gm/Pouch	Dumex	06144
74	Milk Powder Dugro 3 Plus 650gm/Pouch	Dumex	08043
75	Milk Powder-Dupro Follow Up Formula Step 2 650gm/Pouch	Dumex	220808
76	Full Cream Milk Powder 650gm/Pouch	Dumex	290508
77	Lactose Free Special Infant Formula 400gm/tin	Mamex LF	TGSPELF 0400TNM Y001
78	Milk Formula Step 4 1.6 kg	Mamil Gold	FGMG4RG
79	Infant Formula 400gm/tin	Mamex Gold	YT 30/2
80	Follow up Formula Step-2 400gm/tin	Mamex Gold	YR 12/2
81	Milk Formula Step -3 900gm/tin	Mamil Gold	FGMG3 RG 0900 TNMY 17
82	Milk Formula Vinilla (During Pregnacy, Breast Feeding) 400gm/tin	Dumex Mamil Mama	06.2
83	Malt Based Food 500gm Pouch	Horlick	D 016 H
84	Malt Based Food 400gm Jar	Horlick	R 2486H
85	Malt Based Food 900gm Jar	Horlick	R 2412 H
86	Malt Based Food 200gm Jar	Horlick	R 2485 H
87	Milk Powder	Rainbow	02 F1
88	Instant Whole Sweet Milk Powder	Two Cows	2008 F 0501
89	Whole Fat Sweet Milk Powder	Shi lin	20080210
90	Non Dairy Creamer Coffee & Me	Super	07-10-2010
91	Instant Coffee Mix 3 in 1	Super	BN 5112
92	Whole Sweet Milk Powder 400gm/plastic pack	Two Butterflies Brand	
93	Kid UHT Milk 125ml	Indo Milk	3FGJ
94	UHT Sweetened Milk Strawberry 200 ml	Indo Milk	15 C 10
95	UHT Full Cream Milk Plain 1 Litre	Indo Milk	2 B 1 C 07
96	Sweetened Beverage Creamer 397 gm/tin	Dairy Gold	GK 201(A)
97	Sweetened Beverage Creamer 397 gm/tin	Dairy Queen	DM232(A)
98	Evaporated Filled Milk 410 gm/tin	Dairy Queen	DN 031 (C)
99	Sweetened Beverage Creamer 308gm/tin	One Tea	174/2 05:52.22
100	Sweetened Beverage Creamer 308gm/tin	ဘိုမခြင်းဆွဲ	174/2 00:33:42
101	Sweet Whey Powder (45%Deminer alized) 25 kg/bag	Ostrowia	228
102	Pure Whole Milk 1 Litre Pouch	Paul's Brand	4:454
103	UHT Whipping Cream 200 ml/pkt	Emborg	T 178
104	Infant Formula Similac Stage 1 900 gm/tin	Similac	64100 NT
105	Infant Formula 650 gm/pouch	Enfalac A+	QFN 24 A 32 P2
106	Nutritious Drink 400gm/box	Malted Milk Ovaltine Brand	080807
107	Coffee Mate 454gm/pkt	Carnation	7330589006
108	Coffeemix 20gm/sachet	Nescafe My Cup	81660534 A
109	Coffeemate (Low Fat Coffee Enhancer) 450 gm/box	Nestle	01:28
110	Dry Cereal for Infant Stage 2 Wheat Banana & Milk 120 gm/box	Nestle	80111135RE 18:52
111	Wheat & Milk DHA Cerealac Stage 1 250gm/box	Nestle	82361135 11:33VA
112	Non Dairy Creamer 3gm x 50 sachet	Nestle	82000532 MA
113	Milo Milk 200 ml	Nestle	81933700
114	Butter Scotch Candy	Bonjour	-
115	Latte Candy	Bonjour	-
116	Skimmed Milk Powder Gold 51+Plus	Anlene	B-10:03
117	Whole Sweet Milk Powder	Dieguan	2
118	Nutritious Drink Proten Vanilla	-	MB 87138
119	Nutrient Supplement (Vanilla) (1 lb 6 oz/630 gm)	Body Fit	018198 NLH 310344
120	UHT Drinking Thai Traditional Coffee	-	04:58
121	UHT Drinking Thai Traditional Tea	-	13:17
122	UHT Plain Milk	-	23A09:47 C11
123	Formulated Milk Powder for children	Progress Gold	8E21A1 11:39
124	Nutritious Drink 400 gm/Jar	Ovaltine Classic Power-10	080922
125	Nutritious Drink 400 gm/Jar	Ovaltine Malted Milk	080809
126	Nutritious Drink 400 gm/bag	Ovaltine Malted Milk	080808
127	Milk Powder 900 gm/ tin	Hi-Nulac	5017
128	Milk Powder 900 gm/ tin	Mylac Excel	3417

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ☆

☆စာမျက်နှာ ၁၂ မှအဆက်

၅။ နို့မှုန့်နှင့် နို့ထွက်ပစ္စည်းများနှင့် စပ်လျဉ်း၍ သွင်းကုန်လိုင်စင်များ ချမှတ်ပေးရာ၌ တင်သွင်းမည့် ပစ္စည်းနမူနာများအပေါ် နို့မှုန့်နှင့်နို့ထွက်ပစ္စည်းများကို အများပြည်သူစားသုံးရန် အန္တရာယ်ရှိ၊ မရှိ စစ်ဆေးရေးအဖွဲ့က နိုင်ငံတကာစံနှုန်းများနှင့်အညီ စစ်ဆေးပြီး အန္တရာယ်မရှိသော နို့မှုန့်နှင့်နို့ထွက်ပစ္စည်းများကိုသာ တင်သွင်းခွင့်ပြုခြင်း ဖြစ်ပါသည်။ အထက်ဖော်ပြပါ နို့မှုန့်နှင့် နို့ထွက်ပစ္စည်းများသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနသို့ လုပ်ငန်းရှင်များမှ တရားဝင်ပေးပို့လာသည့် ပစ္စည်းအသုတ်အလိုက် နမူနာများအပေါ် စစ်ဆေးတွေ့ရှိမှုဖြစ်ပြီး နောက်နောင်တင်သွင်းလာမည့် နို့မှုန့်နှင့် နို့ထွက်ပစ္စည်းများ ပါဝင်သော အစားအသောက်များကိုလည်း ဆက်လက်စစ်ဆေးထုတ်ပြန်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

နို့မှုန့်နှင့် နို့ထွက်ပစ္စည်းများကို အများပြည်သူစားသုံးရန်အန္တရာယ်ရှိ၊ မရှိစစ်ဆေးရေးအဖွဲ့

သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

SHINE Universal Co., Ltd. ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၀

SHINE Universal Services Co., Ltd. က ကြီးမှူး၍ နိုဝင်ဘာလအတွင်း၌ ဆွေးနွေးပွဲများကို ကျင်းပပေးလျက်ရှိသည်။

SHINE Universal Services သည် မြန်မာနိုင်ငံအတွင်းရှိ ကျောင်းသား ကျောင်းသူများ၏ အားသာချက်၊ အားနည်းချက်နှင့် အရည်အချင်းများကို ဖော်ထုတ်၍ အကောင်းဆုံးအခွင့်အရေးများကို ရယူနိုင်မည့် Gateway သဖွယ် အကြံပေး ကူညီနေသော ပညာရေးဝန်ဆောင်မှု အဖွဲ့အစည်းဖြစ်သည်။

အထောက်အကူ

နိုဝင်ဘာလအတွင်း ကျောင်းသားများအတွက် စိတ်ဝင်စားစရာဖြစ်စေမည့် စင်ကာပူနိုင်ငံမှ ကျောင်းအချို့၏ ပညာရပ်ဆိုင်ရာ Seminar ဆွေးနွေးပွဲများနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို အောင်မြင်စွာဖြတ်ကျော်ရယူနိုင်ရေးအတွက် အထောက်အကူဖြစ်စေသော အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပပေးလျက်ရှိသည်။

ကျင်းပပေးမည်

CAT, ACCA နှင့် စာရင်းကိုင် သင်တန်းဘာသာရပ်များကို စိတ်ပါဝင်စားသူများအတွက် စင်ကာပူနိုင်ငံ SAA သင်တန်းကျောင်းနှင့်ပူးပေါင်းကာ နိုဝင်ဘာ၁၉ရက်က ကျင်းပပေးခဲ့ပြီး Engineering, Electrical, Electronic, Mechatronic, MBA ဘာသာရပ်များကို စိတ်ပါဝင်စားသူများအတွက် စင်ကာပူနိုင်ငံ Tyndale Educational Group နှင့်ပူးပေါင်း၍ နိုဝင်ဘာ ၂၂ရက်၌ Seminar ကျင်းပပေးမည်ဖြစ်သည်။

အလုပ်အကိုင် အခွင့်အလမ်းအတွက် Interviewsများနှင့် CV, Resume များကိုရေးသားရာတွင် အထောက်အကူဖြစ်စေမည့် အရည်အချင်းများရရှိရန် စင်ကာပူနိုင်ငံမှ Mr. Ong မှ " Excel In Your Job Interviews" ခေါင်းစဉ်ဖြင့် ကျင်းပပေးမည့် ဆွေးနွေးပွဲကို နိုဝင်ဘာ ၂၉ရက်နှင့် ၃၀ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ တက်ရောက်ဆွေးနွေး လေ့လာနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်အောင် အထက အာစရိယပူဇော်ပွဲ

မြန်အောင် နိုဝင်ဘာ ၂၀

မြန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၀ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် မြန်အောင်အထကခန်းမ၌ ကျင်းပမည်ဖြစ်ရာ ၁၉၅၃ ခုနှစ်မှ ၂၀၀၈ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၆၀)နှစ်အထက် အငြိမ်းစား ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် အာစရိယပူဇော်ပွဲကျင်းပရေးဦးစီးကော်မတီမှ ဖိတ်ကြားထားသည်။

သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲအတွက် ပါဝင်လှူဒါန်းလိုသူများသည် ဦးစိုးဝင်း(တရားရုံးချုပ်ရှေ့နေ) ဖုန်း-၀၄၄-၅၀၀၂၉၊ ဦးထွန်းလင်း (ရွှေနဂါး ရောင်းဝယ်ရေး) ဖုန်း-၀၄၄-၅၀၁၅၀၊ ဦးခင်မောင်ဝင်း (ရွှေမင်းသား ဖျော်ရည်စုံ) ဖုန်း-၀၄၄-၅၀၂၈၅၊ ဦးဝင်းမော် (ဂိုးစတားအီလက်ထရွန်နစ်) ဖုန်း-၀၄၄-၅၀၁၃၀နှင့် ဒေါ်ခင်ကြူကြူ(စိန် အကယ်ဒမီရွှေဆိုင်) ဖုန်း-၀၄၄-၅၀၁၉၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ရန်ကုန်မြို့မှ အပူဇော်ခံကြွရောက်မည့် ဆရာကြီး ဆရာမကြီးများနှင့် ပူဇော်ပွဲတက်ရောက်မည့် ကျောင်းသား ကျောင်းသူဟောင်းများသည် ဦးအေးသန်း ဖုန်း-၀၉-၅၀-၂၆၂၂၇နှင့် ဦးဝင်းထိန် ဖုန်း-၀၉-၅၀-၁၄၃၅၀တို့သို့ ဆက်သွယ်ကြပါရန် နှိုးဆော်ထားသည်။

(မြို့နယ် ပြန်/ဆက်)

လက်ထပ်ပြီးစီးခြင်းနှင့် မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြ ဖ·ဆ·ပ·လ ရပ်ကွက်၊
တိုက်-၇၊ အခန်း-၁၉နေ
[ဦးစိန်လှိုင်(နိုင်ငံခြားသတင်းတာဝန်ခံ အယ်ဒီတာ(ငြိမ်း)၊
လုပ်သားပြည်သူနေ့စဉ် သတင်းစာ)-ဒေါ်နီနီ]တို့၏ သားထွေး
မောင်တောက်ထိန်လှိုင်
သိပ္ပံဘွဲ့(သတ္တဗေဒ)
နှင့်
ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊
သမိန်ဗရမ်းလမ်း၊ အမှတ်-၂၅၈ နေ
ဦးဘိုးထူး-ဒေါ်ညိုတို့၏ သမီးလတ်
မလှဲ့လှဲ့ခိုင်
ဝိဇ္ဇာဘွဲ့(မြန်မာစာ)
(ရွှေရည်ဝင်း ဆန်နှင့် ကုန်မျိုးစုံ ရောင်းဝယ်ရေး)

တို့သည် ၂၁-၁၀-၂၀၀၈ရက်တွင် ရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လင်းမောင်၏ ရှေ့မှောက်၌ မင်္ဂလာကတိသစ္စာပြု လက်ထပ်ပြီးစီးပါကြောင်း၊ ၂၀-၁၁-၂၀၀၈ရက် ဆီဒိုးနားဟိုတယ်(Sedona Hotel)မင်းတုန်း မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပါသော ဂုဏ်သရေရှိ လူကြီးမင်းများအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့် မောင်တောက်ထိန်လှိုင်-မလှဲ့လှဲ့ခိုင်။

ရန်ကုန်စက်မှုတက္ကသိုလ် ချည်မျှင်နှင့်အထည် အင်ဂျင်နီယာ ကျောင်းသားကျောင်းသူများ၏
အာစရိယပူဇော်ပွဲ

ရန်ကုန်စက်မှုတက္ကသိုလ် ချည်မျှင်နှင့်အထည် အင်ဂျင်နီယာ ကျောင်းသားကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို ဆရာကြီးဦးမောင်မောင်သန်းအား အမှူးထား၍ ၂၀၀၈ခုနှစ် ဒီဇင်ဘာ၂၈ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ချည်မျှင်နှင့်အထည် အင်ဂျင်နီယာ ကျောင်းသားကျောင်းသူများသည် အောက်ပါကန်တော့ပွဲဖြစ်မြောက်ရေးအဖွဲ့ဝင်များထံ ဆက်သွယ်နိုင်ပါသည်။

၁။	ဒေါ်စန္ဒီလှိုင်	ဖုန်း- ၅၁၉၉၀၇၊
၂။	ဒေါ်မြင့်မြင့်ဆွေ	ဖုန်း- ၀၉-၉၉ ၇၀၂၀၂၊
၃။	ဒေါ်တင့်တင့်သိန်း	ဖုန်း- ၀၉-၂၀၃၃၀၉၁၊
၄။	ဒေါ်လှသီတာ	ဖုန်း- ၆၉၀၀၀၂၊ ၀၉-၅၁-၂၅၄၄၀၊
၅။	ဒေါ်ငွေးငွေး	ဖုန်း- ၆၄၂၄၀၆။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးရုံး
တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနအောက်ရှိ အတတ်ပညာလေ့ကျင့်ရေးသင်တန်းကျောင်းများနှင့် နည်းပညာတက္ကသိုလ်တို့တွင် ရေစင်လုပ်ငန်းများတည်ဆောက်ခြင်းကို အောက်ပါမြို့များ၌ ဆောက်လုပ်ရန်အတွက် ချိပ်ပိတ်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	ဆောက်လုပ်မည့်ကျောင်း	အဆောက်အအုံအမျိုးအစားနှင့်အရေအတွက်
၁။	အတတ်ပညာလေ့ကျင့်ရေး သင်တန်းကျောင်း(လှိုင်သာယာ)	(က) စာသင်ဆောင်အုတ်ညှပ်တစ်ထပ်နှစ်လုံး (ခ) ဆရာဆောင်အုတ်ညှပ်တစ်ထပ်တစ်လုံး
၂။	အတတ်ပညာလေ့ကျင့်ရေး သင်တန်းကျောင်း(မိတ္ထီလာ)	(က) စာသင်ဆောင်အုတ်ညှပ်တစ်ထပ်နှစ်လုံး (ခ) ဆရာဆောင်အုတ်ညှပ်တစ်ထပ်တစ်လုံး
၃။	နည်းပညာတက္ကသိုလ်(မိတ္ထီလာ)	(က) MS Trestle 20 Ft Height and (10000 Gallons)GI Tank (ခ) Under ground Tank (40000 Gallons)
၄။	နည်းပညာတက္ကသိုလ်(မြင်းခြံ)	(က) MS Trestle 20 Ft Height and (10000 Gallons)GI Tank (ခ) Under ground Tank (40000 Gallons)

၂။ တင်ဒါတင်သွင်းသူသည် ဆောက်လုပ်ပေးနိုင်မည့်တန်ဖိုးကို (B.Q)နှင့်တကွ ပူးတွဲတင်ပြရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ တင်ဒါရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

၃။ တင်ဒါပုံစံများကို ၂၇-၁၁-၂၀၀၈ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ချိပ်ပိတ်တင်ဒါများကို ၁၇-၁၂-၂၀၀၈ရက် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၄။ တင်ဒါတင်သွင်းသူသည် တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံနှင့်တင်ဒါတင်သွင်းသူမှလိုက်နာရန် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ညွှန်ကြားရေးမှူးချုပ်၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အမှတ်(၁၂၃)၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၄၂၈၇၃၊ ၀၁-၅၄၃၃၃၆၊
ညွှန်ကြားရေးမှူးချုပ်၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
ရုံးအမှတ်(၂၁)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၄၄၅၆၊ ၀၆၇-၄၀၄၁၈၁။

မအေးအေးမော် (ဌမ်းပုံ)

B.C.Sc(Hons:),M.C.Sc(Thesis)

မွေးနေ့ဆုမွန်

ဖေဖေ-မေမေတို့ရဲ့ တစ်ဦးတည်းသော သမီးလေး ဌမ်းပုံ၏ (၂၁-၁၁-၂၀၀၈ရက်)တွင် ကျရောက်သော မွေးနေ့မှသည် အသက်ရာကျော်ရှည်၍ ထူးချွန်ထက်မြက်ပြီး တတ်သိလိမ္မာသော သမီးရတနာလေးအဖြစ် ဖေဖေ-မေမေတို့ရဲ့ မေတ္တာရိပ်မှာ ထာဝရကြည်နူးပျော်ရွှင်နိုင်ပါစေ ....

ဖေဖေ- ဦးတင်အေး(အကောက်ခွန်ဝန်ဆောင်မှုအသင်း)

မေမေ- ဒေါ်အေးအေးလွင်။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်နေ
ဦးစိုးမြင့်-ဒေါ်တင်မလေးတို့၏သားကြီး
မောင်ကျော်မြင့်ထွန်း B.E (Civil) (YTU)
M.Sc(Building Science) (NUS-Singapore)
Resident Engineer, CPG Consultants Pte., Ltd, Singapore
နှင့်
ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာနေ
ဦးမြင့်ညိန်း-ဒေါ်အေးကြွယ်တို့၏ သမီးကြီး
မယဉ်ယဉ်ငြိမ်း B.E (Civil) (YTU)
M.Sc(Building Science) (NUS-Singapore)
Quantity Surveyor,Penta-Ocean Construction Co.,Ltd. Singapore

တို့သည် နှစ်ဖက်သောမိဘများ၏သဘောတူညီချက်အရ ၂-၁၁-၂၀၀၈ရက်တွင် Singapore နိုင်ငံ Registry of Marriage တွင် လက်မှတ်ရေးထိုးပြီး ၉-၁၁-၂၀၀၈ရက်တွင် Singapore နိုင်ငံ Sakura Restaurant ၌ မင်္ဂလာညှော်ခံပွဲကျင်းပပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်မြင့်ထွန်း-မယဉ်ယဉ်ငြိမ်း။

A.B.E (UK) ... Advanced Diploma in Business Management ... Strategic Human Resource Management ... World First (Top Paper Prize) ...

MHR ... MHR ...

MHR, A.B.E U.K Classes (Human Resource Management Diploma, Business Management Diploma, Marketing Diploma, Travel, Tourism & Hospitality Management Diploma, Financial Management Diploma), No. 905, 9th Fl, Thanzay Condo, Lanmadaw Street, Yangon. ph : 216168, 707822, 395802, 09 504 5551, 09 510 3747. e-mail : mhr@myanmar.com.mm

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာ ဘောလုံးကစားခွင့် သုံးပွဲ ပိတ်ပင်ခံရ

လန်ဒန် နိုဝင်ဘာ ၂၀

ကာလင်းဖလားပြိုင်ပွဲ၌ နိုဝင်ဘာ ၁၅ရက်က ဘန်လေအသင်းအား ရှုံးနိမ့်ခဲ့သောပွဲစဉ်တွင် ဘန်လေအသင်းကို အားပေးသော ပရိသတ်အား အကြွေစေ့ဖြင့် ပစ်ပေါက်ခဲ့သော ချယ်လ်ဆီး

သုံးပွဲပယ်ခံရသော ချယ်လ်ဆီး တိုက်စစ်မှူး ဒရော့ဘာ။

တိုက်စစ်မှူးဒရော့ဘာအား ပွဲစဉ်သုံးပွဲ ဘောလုံးကစားခွင့် ပိတ်ပင်လိုက်ပြီ ဖြစ်သည်။

ဒရော့ဘာသည် ယင်းနေ့က စတန်းဖို့ဒ်ဘရစ်ချ်တွင် ဂိုးသွင်းယူပြီးနောက် ဘန်လေအသင်းကို အားပေးသော ပရိသတ်အား အကြွေစေ့ဖြင့် ပစ်ပေါက်ခဲ့ကြောင်း ဝန်ခံခဲ့ပြီး အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)က ၎င်းအား အရေးယူခဲ့ခြင်း ဖြစ်သည်။

အပြစ်ပေး

အက်ဖ်အေ စည်းကမ်းထိန်းသိမ်းရေး ကော်မတီက ဗီဒီယိုမှတ်တမ်းများကို သက်သေပြု၍ လျှောက်လွှာတင်သွင်းပြီး ယင်းအမှုကို နိုဝင်ဘာ ၁၈ရက်က ကြားနာစစ်ဆေးကာ အပြစ်ပေးခဲ့ခြင်းဖြစ်သည်။

အသက် ၃၀ရှိ တိုက်စစ်မှူး ဒရော့ဘာ၏ အပြစ်ပေးခံရမှုသည် ချက်ချင်း အကျိုးသက်ရောက်မည်ဖြစ်သည်။ **(အင်တာနက်)**

ဘူလ်ဂေးရီးယားနှင့် မန်စီးတီး ကွင်းလယ်မှ ပက်ထရို့ဗ် ဒူးခေါင်းဒဏ်ရာ ခွဲစိတ်ကုသခဲ့ရ

လန်ဒန် နိုဝင်ဘာ ၂၀

မန်စီးတီးနှင့် ဘူလ်ဂေးရီးယား ကွင်းလယ်ကစားသမား မာတင်ပက်ထရို့ဗ်သည် ဒူးဒဏ်ရာခွဲစိတ်ကုသမှု ခံယူထားပြီး သီတင်းသုံးပတ်မှ လေးပတ်အထိ အနားယူရဖွယ်ရှိသည်။

ဒဏ်ရာရရှိ

အသက် ၂၉နှစ်ရှိ ပက်ထရို့ဗ်သည် အောက်တိုဘာလအတွင်းက ဘူလ်ဂေးရီးယားအသင်းအတွက် ကစားစဉ်တွင် ၎င်း၏ ဘယ်ဘက်ဒူးတွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နှောင့်နှေး

မန်စီးတီးအသင်းသည် ပက်ထရို့ဗ်၏ ဒဏ်ရာမှာ လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် ပြန်လည်သက်သာလာမည်ဟု ယူဆထားခဲ့မှုကြောင့် ပက်ထရို့ဗ်၏ ဒူးဒဏ်ရာခွဲစိတ်ကုသရေးမှာ နှောင့်နှေးခဲ့ရသည်။

သို့သော်လည်း ယင်းသို့ ဒဏ်ရာပြဿနာကို ဖြေရှင်းမှုသည် အောင်မြင်မှု မရရှိဘဲ မန်စီးတီးအသင်းအနေဖြင့် ခွဲစိတ်ကုသမှုနှင့် ကာလကြာရှည်သော ပြန်လည်ထူထောင်မှုကို ရွေးချယ်ခဲ့ရပြီ ဖြစ်သည်။

သက်သာလာ

ပက်ထရို့ဗ်သည် နိုင်ငံလက်ရွေးစင် အသင်းအတွက် ပါဝင်ကစားစဉ်က တံကောက်ကြောဒဏ်ရာမှ သက်သာလာကာစပင် ရှိသေးသည်ဟု ဆိုသည်။ **(အင်တာနက်)**

မန် စီး တီး ကွင်းလယ်ကစားသမား မာတင် ပက်ထရို့ဗ်။

စပါးဂိုးနည်းပြ ဟန်လီတာ့ထ် နွေရာသီတွင် အသင်းမှ ထွက်ခွာမည်

လန်ဒန် နိုဝင်ဘာ ၂၀

စပါးအသင်းသည်၎င်းတို့၏ဘရာဇီးဂိုးသမားဟူရီလိုဂိုမက်စ်အား အမှားအယွင်းဖြစ်စေခဲ့သည်ဟုဆိုကာဂိုမက်စ်အားသင်ကြားပြသပေးနေသော ဂိုးနည်းပြ ဟန်လီတာ့ထ်နှင့် လမ်းခွဲတော့မည်ဖြစ်သည်။

အမှားများစွာပြုလုပ်ခဲ့

အသက် ၂၇နှစ်ရှိ ဂိုမက်စ်သည် နောက်ဆုံးပွဲစဉ်ဖြစ်သည့် နိုဝင်ဘာ ၁၅ ရက်က ဖူလ်ဟမ်အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောပွဲစဉ်အပါအဝင် ယခုရာသီတွင်အမှားများစွာပြုလုပ်ခဲ့သည်။

ထွက်ခွာတော့မည်

အသက် ၃၅နှစ်ရှိ ဩစတြေးလျဂိုးနည်းပြ ဟန်လီတာ့ထ်သည် ယခုနွေရာသီတွင် စပါးအသင်းမှ ထွက်ခွာတော့မည်ဖြစ်သည်။

စပါးဂိုးသမား ဟူရီလိုဂိုမက်စ်။

ဂိုမက်စ်သည် ယခုနွေရာသီက ပီအက်စ်ဗွီအသင်းမှ စပါးအသင်းသို့ ပေါင်ရှစ်သန်းဝန်းကျင်ဟု ယူဆရသည့် ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်သည်။ **(အင်တာနက်)**

နည်းပြကြီး ဖာဂူဆန်နှင့် ပြစ်ဒဏ်

လန်ဒန် နိုဝင်ဘာ ၂၀

အသက် ၆၆ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မန်ယူနည်းပြဖာဂူဆန်ဟာ ကွင်းလယ်ဒိုင်လူကြီးမိုက်ဒန်ကို စောဒကတက်မှုကြောင့် အင်္ဂလိပ်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)က ပေါင်ငွေ ၁၀၀၀၀ နဲ့အတူ ဘောလုံးပွဲ နှစ်ပွဲကြီးကြပ်မှုကို ပိတ်ပင်လိုက်တယ်ဆိုတဲ့ ပြစ်ဒဏ်ချမှတ်ခဲ့ပြီဖြစ်ပါတယ်။

မန်ယူ၏ ဝါရင့်ပွဲကိုင်ရှင် ဖာဂူဆန်။

ကြိုးစားခဲ့ရ

ဖာဂူဆန် ပြဿနာတက်ခဲ့တဲ့ ပွဲကတော့ နိုဝင်ဘာ ၁ ရက်က ကစားခဲ့တဲ့ ဟူးလ်စီးတီးနဲ့ အိုးထရက်ဖို့ဒ်မှာ ကစားခဲ့တဲ့ပွဲပဲ ဖြစ်ပါတယ်။ အဲဒီတုန်းက ဖာဂူဆန်ရဲ့ မန်ယူဟာ ဟူးလ်စီးတီးကို အနိုင်ရဖို့ အသည်းအသန် ကြိုးစားခဲ့ရတယ်။ အဲဒီပွဲမှာ မှတ်မှတ်သားသား လေးဂိုး-သုံးဂိုးနဲ့ အနိုင်ရအောင် ကစားနိုင်ခဲ့ပေမယ့် ရှုံးပွဲ မကြုံရအောင် အတော်စိတ်ပင်ပန်းလူပင်ပန်း ဖြစ်ခဲ့ရပါတယ်။

ခံစားတတ်

ဖာဂူဆန်ဟာ အသက် ၆၆နှစ်အရွယ်ရှိနေပြီ ဖြစ်ပေမယ့် ဘောလုံးပွဲတိုင်းမှာ အောင်ပွဲရလိုမှု စိတ်ဓာတ်တွေ ဆူဝေနေတုန်းပဲဖြစ်နေတဲ့ နည်းပြတစ်ဦး ဖြစ်ပါတယ်။ ကမ္ဘာ့ဘောလုံး ကလပ်သမိုင်းတစ်လျှောက်မှာ မန်ယူလို ကမ္ဘာကျော်အသင်းတွေမှာ နည်းပြ သက်တမ်း ၂၂နှစ်ကျော် လုပ်ခဲ့တာဟာ တကယ့်ကို ကြီးမားတဲ့ အောင်မြင်မှုမှတ်တိုင်တစ်ခုပါပဲ။ ကမ္ဘာ့ဘောလုံးကလပ် လောကမှာ မန်ယူအသင်းကို ကမ္ဘာကျော်သထက်ကျော်အောင်မြှင့်တင်ပေးခဲ့သူ တစ်ဦးလည်းဖြစ်ပါတယ်။ ဘဝတစ်လျှောက်လုံးမှာ ဘောလုံးကလွဲပြီး ကျန်တဲ့ လုပ်ငန်းတွေကို စိတ်ဝင်စားခဲ့သူ မဟုတ်တာကြောင့် ဘောလုံးနဲ့ ပတ်သက်လာရင် ပေါက်ကွဲစွာ ခံစားတတ်သူတစ်ဦး ဖြစ်ပါတယ်။

ပစ်ပစ်ခါခါပြော

ဒါကြောင့်လည်း ကွင်းလယ်ဒိုင်လူကြီးကို စိတ်ရောကိုယ်ပါ ဒေါသတွေထွက်ပြီး ပစ်ပစ်ခါခါပြောကြားခဲ့ခြင်းလည်း ဖြစ်ပါတယ်။ အဲဒီဖြစ်ရပ်နဲ့ပတ်သက်ပြီး ဖြေရှင်းချက်ပေးဖို့ နိုဝင်ဘာ၇ရက် နောက်ဆုံးထားပြီး ပေးဖို့ဆိုတာလည်း မပြုလုပ်ခဲ့တာကြောင့် အက်ဖ်အေရဲ့ အရေးယူမှုကို ခံခဲ့ရခြင်းလည်းဖြစ်ပါတယ်။

ကြီးကြပ်

အက်ဖ်အေက ချမှတ်ထားတဲ့ပွဲပယ်ပြစ်ဒဏ်ကို လာမယ့် ဒီဇင်ဘာ၂ရက်မှာ စတင်အကျိုးဝင်မှာဖြစ်လို့ ဖာဂူဆန်ဟာ ဘလက်ဘန်းနဲ့ကစားရမယ့် ကာလင်းဖလားပြိုင်ပွဲနဲ့ ပရီမီယာလိဂ်ပွဲစဉ်ဖြစ်တဲ့ ဆန်းဒါးလန်းနဲ့ကစားမယ့်ပွဲတွေမှာ ပါဝင်ကြီးကြပ်လို့ မရတော့ပါဘူး။

ဒီလိုဒဏ်ငွေရိုက်မှုနဲ့ ဘောလုံးပွဲပယ်ပြစ်ဒဏ်တွေဟာ အရေးကြီးတဲ့အရာတွေ မဟုတ်တဲ့အတွက် ဖာဂူဆန်တုန်လှုပ်မှုတော့ မရှိပါဘူး။ အရင်ကလည်းဒီလိုဖြစ်ရပ်တွေ နှစ်စဉ်နှစ်တိုင်းဖြစ်ခဲ့ဖူးတာပါပဲ။ ဒါပေမယ့် ဖာဂူဆန် နည်းပြဘဝတစ်လျှောက်လုံးမှာ ပြီးခဲ့တဲ့နှစ်က အခုလိုပွဲပယ်ပြစ်ဒဏ် သုံးကြိမ်အထိ ခံခဲ့ရဖူးပါတယ်။

အဲဒီနှစ်ကတော့ ဖာဂူဆန်ရဲ့ နည်းပြဘဝ တစ်လျှောက်မှာ အများဆုံး ပြစ်ဒဏ်ကျခံရတဲ့နှစ်ပါပဲ။ ဒီနှစ်မှာတော့ပရီမီယာလိဂ်မှာ ဖာဂူဆန်အတွက် ပထမဆုံး ပြစ်ဒဏ် ဖြစ်ပါတယ်။

တွေ့ဆုံ

ဒါပေမယ့် ဖာဂူဆန်ကတော့ ဒီလိုပြစ်ဒဏ်မျိုးတွေဟာ နောက်လဲထပ်ဖြစ်နေဦးမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာ ဘောလုံးကို ချစ်မြတ်နိုးတဲ့ နည်းပြတစ်ဦး ဖြစ်နေလို့ပါပဲလို့ သတင်းထောက်တွေနဲ့ တွေ့ဆုံတဲ့အခါ ဖာဂူဆန်က ပြောပြလိုက်ပါတယ်။

နည်းပြကောင်း

ဖာဂူဆန်ဟာ ကမ္ဘာ့ဘောလုံးကလပ်တွေထဲမှာတော့ စံနမူနာကောင်းတဲ့ နည်းပြ တစ်ဦးဆိုတာ နည်းပြအတော်များများက လက်ခံထားကြပါတယ်။ ဒါပေမယ့် ဘောလုံးကွင်းမှာတော့ ပေါက်ကွဲမှုနဲ့ ဒေါသအထွက်ဆုံး နည်းပြတစ်ဦးလည်းဖြစ်ပါတယ်။ အသက်အရွယ်ရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ ဘောလုံးပြိုင်ပွဲ ကစားချိန်မှာတော့ အထူးချွန်ဆုံးနည်းပြတစ်ဦးအဖြစ် မှတ်ကျောက်အတင်ခံနိုင်တဲ့ နည်းပြကောင်းတစ်ဦး ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါတယ်။ ။

မောင်မောင်မြင့်ဆွေ ရေးသားသည်

ချစ်စိုးနိုင် စုစည်း၍
ခိုင်လွင် (မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းသည်

ဘောလုံးကြယ်ပွင့် ဒေဗစ်ဘက်ခမ်း အေစီမီလန်သို့ ပြောင်းရွှေ့မည် မဟုတ်ဟုဆို

လန်ဒန် နိုဝင်ဘာ ၂၀

မီလန်မှလာသော သတင်းများအရ ဘောလုံးကြယ်ပွင့် အင်္ဂလန်လက်ရွေးစင် အသင်းနှင့် အယ်လ်အေဂလက်ဆီ အသင်းကစားသမား ဒေးဗစ်ဘက်ခမ်းသည် ဇန်နဝါရီလမှစတင်ကာ အေစီမီလန်အသင်းသို့ပြောင်းရွှေ့ကစားရန် အေစီမီလန်အသင်း ဒုတိယဥက္ကဋ္ဌနှင့် ဆွေးနွေးသည်ဟု သတင်းများ ထွက်ပေါ်နေသည်။

ပြောကြား

သို့သော်လည်း အေစီမီလန်အသင်း ဥက္ကဋ္ဌ ဂီလာနီက ဒေးဗစ်ဘက်ခမ်းသည် ဒူဘိုင်းသို့လာမည်ဟုသာ မိမိတို့သိထားပြီး အေစီမီလန်သို့ ပြောင်းရွှေ့ရန်အတွက် မိမိနှင့်ဆွေးနွေးရန် အစီအစဉ်မရှိကြောင်း ပြောကြားသည်။ **(အင်တာနက်)**

အင်္ဂလန် ဘောလုံးကြယ်ပွင့် ဘက်ခမ်း။

ဆန်းစီးတီး ချဲလင့်ဂျ် ဂေါက်သီးရိုက်ပြိုင်ပွဲ လူကီဒေါ်နယ် ပြန်လည်ပါဝင် ယှဉ်ပြိုင်မည်

လန်ဒန် နိုဝင်ဘာ ၂၀

ဂေါက်သီး အကျော်အမော် လူကီဒေါ်နယ်သည် ဒဏ်ရာမှ သက်သာလာပြီး လာမည့် ဒီဇင်ဘာလတွင် ကျင်းပမည့် ဆန်းစီးတီးချဲလင့်ဂျ် ဂေါက်သီးရိုက် ပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် ဂေါက်သီးလောကသို့ ပြန်လာမည် ဖြစ်သည်။

ယှဉ်ပြိုင်

ဗြိတိသျှ ဂေါက်သီးသမား လူကီဒေါ်နယ်သည် ပြီးခဲ့သည် ဇွန် ၁၅ရက်က အမေရိကန် အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ဝဲဘက် တံတောင်ဆစ် ဒဏ်ရာ ရရှိသဖြင့် အနားယူခဲ့ရသည့် အချိန်ကတည်းက ဝင်ရောက် ယှဉ်ပြိုင်နိုင်ခြင်း မရှိခဲ့ချေ။

အမေရိကန် ဂေါက်သီးသမား အန်သိုနီကင်မ်သည် ဂေါက်သီးသမား ၁၂ ဦး ပါဝင်ယှဉ်ပြိုင်ရမည့် ဆန်းစီးတီးချဲလင့်ဂျ် ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ခြေချင်းဝတ်ဒဏ်ရာကြောင့် ပါဝင်မယှဉ်ပြိုင်နိုင်သဖြင့် ၎င်း၏နေရာတွင် လူကီဒေါ်နယ် ပါဝင်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

ချီးမြှင့်မည်

တောင်အာဖရိကနိုင်ငံ ဂါဒီပလေယာ ဂေါက်ကလပ်တွင် ဒီဇင်ဘာ ၄ရက်မှ ခုနစ်ရက်အထိ ကျင်းပမည့် ဆန်းစီးတီး ချဲလင့်ဂျ် ဂေါက်သီးရိုက်ပြိုင်ပွဲသည် ဆုကြေးပေါင်သုံးသန်း ချီးမြှင့်မည် ဖြစ်သည်။ **(အင်တာနက်)**

ဂေါက်သီးအကျော်အမော် ဒေါ်နယ်။

ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု စီရိုနယ်ဒိုနှင့်ထိုက်တန်ကြောင်း ကာကာ ဖွင့်ဟ

လန်ဒန် နိုဝင်ဘာ ၂၀

မန်ယူနှင့်ပေါ်တူဂီ ဘောလုံးကြယ်ပွင့် စီရိုနယ်ဒိုသည် ယခုနှစ်ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားသရဖူကို ရထိုက်သူဖြစ်ကြောင်း ဘရာဇီးနှင့်အေစီမီလန် တိုက်စစ်မှူး ကာကာက ထောက်ခံပြောကြားလိုက်သည်။ ကာကာသည် လွန်ခဲ့သည့်နှစ်က မက်ဆီနှင့် စီရိုနယ်ဒိုတို့ကို ကျော်ဖြတ်ကာ ဂုဏ်သတင်းကြီးမြင့်သည့် ယင်းဆုကို ဆွတ်ခူးရရှိခဲ့သည်။

ယုံကြည်

မန်ယူအသင်းအား ချန်ပီယံလိဂ်သရဖူ ရအောင်စွမ်းဆောင်ပေးခဲ့ပြီးနောက် စီရိုနယ်ဒိုသည် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို ရရှိရန် ပြည့်ပြည့်ဝဝထိုက်တန်သော ကစားသမားဖြစ်သွားပြီဟု မိမိယုံကြည်ကြောင်း ကာကာက ပြောကြားခဲ့သည်။

ဆောင်ကြဉ်းခဲ့

မိမိတို့သည် ၎င်းဆုအတွက် ဒီဇင်ဘာလတိုင်အောင် စောင့်ကြည့်ရမည်ဖြစ်ကြောင်း၊ သို့သော်လည်း စီရိုနယ်ဒိုသည် မန်ယူအသင်းအတွက် လုပ်ဆောင်စရာရှိသည်တို့ကို လုပ်ဆောင်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ မန်ယူအသင်း၏ အောင်မြင်မှုများကို ဆောင်ကြဉ်းခဲ့ရာတွင်လည်း အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်ကစား



မန်ယူကြယ်ပွင့် စီရိုနယ်ဒို

ပေးခဲ့သူဖြစ်ကြောင်း၊ အေစီမီလန်အသင်းအနေဖြင့် ယခုနှစ်တွင် ကြီးကြီးကျယ်ကျယ်အောင်မြင်မှုဆို၍ မည်သည့်အရာမျှ ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိကြောင်း၊ မိမိတို့အနေဖြင့် အေစီမီလန်အသင်း၏သမိုင်းကို ရေးထိုးသည့်အနေဖြင့် စကူဒက်တို ဖလားနှင့် ယူအီးအက်ဖ်အေ ဖလားများကို တစ်ပြိုင်တည်းရရှိအောင် စွမ်းဆောင်ရန် သာရှိတော့ကြောင်း ကာကာက ပြောကြားခဲ့သည်။ (အင်တာနက်)

လီဗာပူးအသင်းသည် ထိပ်သီးများ၏ စစ်မှန်သောပြိုင်ဘက်ဖြစ် အသင်းခေါင်းဆောင် ဂျရတ်ပြောကြား

လန်ဒန် နိုဝင်ဘာ ၂၀

စတီဗင်ဂျရတ်သည် ပရီမီယာလိဂ် သရဖူရရှိရေးနှင့် ပတ်သက်ပြီး ပရီမီယာလိဂ် ထိပ်သီးအသင်းကြီးများက မန်ယူအသင်းအား ဖိအားပေးနေပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။

လီဗာပူးကွင်းလယ်ကစားသမား စတီဗင်ဂျရတ်။

လီဗာပူးအသင်းသည် ပရီမီယာလိဂ် ထိပ်သီးမန်ယူနှင့် ချယ်လ်ဆီးတို့၏စစ်မှန်သော ပြိုင်ဘက်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ကြိုးပမ်း

ရာဖေးလ်ဘင်နီတက်ဇ်၏အသင်းသည် ပရီမီယာလိဂ် တန်းစီဇယားထိပ်ပိုင်းသို့ ရောက်နေပြီး သရဖူရရှိရေးအတွက် ကြိုးပမ်းနေပြီဖြစ်သည်။

ဖိအားပေး

လီဗာပူးအသင်းအနေဖြင့် သရဖူရယူရေးအတွက် ထိပ်သီးအသင်းကြီးများကို ဖိအားပေးနိုင်ပြီဖြစ်ကြောင်း ၎င်းက ထုတ်ဖော်ပြောကြားခဲ့သည်။ **(အင်တာနက်)**

21-11 (15).pmd 1 11/21/2008, 2:55 AM

(၄၁)ကြိမ်မြောက် အဘိဓမ္မာစာအောင်ဆုနှင်းသဘင်ဖိတ်ကြားလွှာ

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၄၁)ကြိမ်မြောက် အဘိဓမ္မာ စာအောင်ဆုနှင်းသဘင်ကို (၁၃၇၀ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်)၂၃-၁၁-၂၀၀၈ရက်(တနင်္ဂနွေနေ့)မွန်းလွဲ၁နာရီအချိန်တွင် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အဘိဓမ္မရတနာဃရ အဘိဓမ္မာဓမ္မဗိမာန်တွင် ကျင်းပမည်ဖြစ်ပါ၍ ဘွဲ့ရသူများ၊ စာအောင်သူများ မပျက်မကွက် တက်ရောက် ဂုဏ်ပြုခံယူကြပါရန်နှင့် အသင်းဝင်များ၊ အလှူရှင်များနှင့် စေတနာရှင်များ တက်ရောက် ကုသိုလ်ယူကြရန် ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့။

အမွေစားအမွေခံသားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မန်ကျည်းတန်းတောင်အနောက်ရပ်ကွက်၊ ဦးကြွယ်ဟိုးလမ်း၊ အမှတ်၁၈နေ ဦးတင်သန်း ၁၂/ကမတ (နိုင်) ဝ၄၃၂၅၂၏သားဖြစ်သူ မောင်စောမြတ်သူ ၁၂/ကမတ(နိုင်)ဝ၄၃၈၅၈ သည် ဖခင်၏ဆိုဆုံးမမှုကိုမနာခံဘဲ ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ခြင်းများကြောင့် အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စမှန်သမျှ လာရောက်နှောင့်ယှက်ခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေအရ အရေးယူမည်ဖြစ်ပါသည်။

ဦးတင်သန်း ၁၂/ကမတ(နိုင်)ဝ၄၃၂၅၂၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးမြင့် တရားရုံးချုပ်ရှေ့နေ(စဉ်-၂၅၉၆)
B.Sc, D.A, R.L, D.B.L, D.A Psy, D.M.L, D.I.L, Global English.
အမှတ်၃၉၊ စကားဝါပင်အလယ်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀-၂၅၄၄၁၊ ၀၁-၅၃၉၈၅၆။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

သီပေါမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပန်းထိမ်တောင်ရပ်ကွက်နေ အဖဦးဆံဆိုင်၁၃/သပန(နိုင်)၀၁၆၀၆၈၏သားဖြစ်သူ စိုင်းမြင့်စိုး ၁၃/သပန(နိုင်)၀၀၀၈၉၇သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိ၏သဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ၁၇-၁၁-၂၀၀၈ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှအား တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဦးဆံဆိုင်။



မူးယစ်ကင်းစင် အလှဆင်

ပြင်ဆင် ဖတ်ရှုပါရန်

၁၈-၁၁-၂၀၀၈ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၁၄)ပါ မြေငှားဂရန်အမှတ်(၄၀၇/ ၁၉၉၂)နှင့်ပတ်သက်သည့် အများသိစေရန် ကြော်ငြာတွင် ဒေါ်နန်းလေးလေးမြင့်(ခ) မလေးအား ဒေါ်နန်းလေးလေးဖြူ (ခ)မလေးဟု ပြင်ဆင်ဖတ်ရှုပါရန်။

သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အမှတ်(၃)ရပ်ကွက်တွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် အောက်တိုဘာ ၂၅ ရက်က ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမျိုးဇော်ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ငါးသိုင်းချောင်း အထက အာစရိယ ပူဇော်မည်

ငါးသိုင်းချောင်း နိုဝင်ဘာ ၁၆

ဧရာဝတီတိုင်း ငါးသိုင်းချောင်းမြို့ (အထက)၏ (၁၄)ကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို (အထက)ခန်းမကြီး၌ ဒီဇင်ဘာ ၂၈ရက် (တနင်္ဂနွေနေ့)တွင် ပူဇော်ကန်တော့ကြမည်ဖြစ်ပါသဖြင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက် ပူဇော်ကြရန်နှင့် အလှူငွေများကို ဦးအောင်ကြည် ဖုန်း-၃၈၁၃၉၄၇၊ ဦးစိုးမြင့် ဖုန်း-၅၄၃၂၈၅၊ ဦးမျိုးမြင့် ဖုန်း-၅၁၈၃၂၇၊ ဦးခင်မောင်လွင် ဖုန်း-၂၄၅၁၃၆၊ ဦးအုံးမြင့် ဖုန်း-၇၂၃၇၅၆၊ ဦးသောင်းထွန်း ဖုန်း-၇၀၅၀၅၆၊ ဒေါက်တာခင်မောင်လှိုင် ဖုန်း-၅၀၃၄၂၈၊ ပုသိမ်မြို့မှ ဗိုလ်ကြီးဆန်းဝင်းနှင့် ငါးသိုင်းချောင်းမြို့မှ ဦးလှဝင်း(ထွေ/အုပ်) ဖုန်း-၀၄၆-၆၀၀၆၉၊ မောင်တင့်လွင် (စင်ထရယ်စတိုး)ဖုန်း-၀၄၆-၆၀၀၇၃တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းနှင့် ဒီဇင်ဘာ ၂၇ရက်ညတွင် စာပေဟောပြောပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(ပညာရေး)**

အောက်တိုဘာ ၂၄ ရက်က ပုလောမြို့မဈေးကြီးအတွင်း ဈေးမီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်ငွေ၊ အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦး၊ မြို့နယ်လျှပ်စစ်မှူး ဦးမင်းဆွေ၊ မြို့နယ်မီးသတ်တာဝန်ခံ ဦးကျော်စိုးနိုင်နှင့် ဈေးမိဈေးဖအဖွဲ့ဝင်ဦးရှင်ဟိုတို့က ကွင်းဆင်းစစ်ဆေးစဉ်။ (နယ်စပ်/စည်ပင်)

ကသာမြို့နယ် ဘွက်ကျေးရွာ အထက(ခွဲ)၌ စာပေဟောပြော

ကသာ နိုဝင်ဘာ ၁၈

ကသာမြို့နယ် ဘွက်ကျေးရွာအုပ်စု ဘွက်ကျေးရွာအထက(ခွဲ)ကျောင်း၌ အသိပညာပေးဟောပြောပွဲအခမ်းအနားကို အောက်တိုဘာ၂၈ရက် မွန်းလွဲ ၁နာရီက ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းနွဲ့က အဖွင့်အမှာစကားပြောကြားပြီး ကသာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဝင်းကိုက ရည်မှန်းချက်ရှိရမည် ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။ ထို့နောက် မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရေးကိုလည်းကောင်း၊ ဓာတ်ပုံကျွမ်းကျင်(၂) ဦးခင်မောင်သိန်းလွင်က စာပေဖတ်ရှုလေ့လာရခြင်း အကျိုးကျေးဇူးများကိုလည်းကောင်း ဟောပြောဆွေးနွေးကြသည်။

အခမ်းအနားတွင် ကျောင်းစာကြည့်တိုက်အတွက် ခရိုင်ဦးစီးအရာရှိ ဦးကျော်ဝင်းကိုနှင့် မြို့နယ်ဦးစီးမှူးဦးတင့်ဆွေတို့က သုတ၊ ရသစာအုပ်များ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းနွဲ့က လက်ခံယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

(၇၈)ကြိမ်မြောက်သွေးလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံး(သဃ်န်းကျွန်း)မှ ဓာတ်ပုံကျွမ်းကျင်(၂) ဦးစိန်လှိုင်(လူမှုထူးချွန်ပထမဆင့်) **(အပေါ်ပုံ)**သည် နိုဝင်ဘာ ၁၃ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဗဟိုအမျိုးသားသွေးလှူဘဏ်၌ (၇၈)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သန့်ရှင်းရေးဆောင်ရွက်

မော်လမြိုင်မြို့နယ် အမှတ် (၁)ဈေးသန့်ရှင်းရေး ဆောင်ရွက်မှုကို အောက်တိုဘာ ၉ ရက်က အမှုဆောင်အရာရှိ ဦးကျော်လင်း ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် မြို့မဈေးကြီး ဆိုင်ခန်းများမှ ရောင်းချသော စားသောက်ကုန်များကို မြို့နယ်ဥက္ကဋ္ဌ ဦးတင့်လွင်၊ ခရိုင် ဆရာဝန်ကြီး၊ မြို့နယ်စည်ပင်ခေတ္တအမှုဆောင်အရာရှိ ဦး မန်း မေ တ္တာနှင့် ဝန်ထမ်းများ စုပေါင်း၍ နိုဝင်ဘာ ၆ ရက်က စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

တစ်ချိန်က ရေလမ်းခရီးကိုသာ အားထားခဲ့ရသည့် ဒုက္ခမုကင်းဝေးခဲ့ပြီး ဒေသထွက်ကုန်များ ထားဝယ်မှတစ်ဆင့် ကုန်းလမ်းဖြင့် ရန်ကုန်အရောက်တင်ပို့နိုင် မြိတ်ဒေသဖွံ့ဖြိုးမှု အထောက်အကူပြုလျက်ရှိသည့် ကျွဲကူး-ကျောက်ဖျာတံတား

ကျွဲကူး-ကျောက်ဖျာတံတားကြီးပေါ်မှ ဤသို့ မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင်နေကြပြီ။ (မြန်မာ့အလင်း)

မြိတ် နိုဝင်ဘာ ၂၀ (ဖက်စ်)

နိုင်ငံတော်အစိုးရက ဒေသတစ်ခုနှင့်တစ်ခု သွားလာမှုအဆင်ပြေချောမွေ့စေရန်နှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရန် ပြည်နယ်နှင့်တိုင်းနယ်စပ်ဒေသများပါမကျန် လမ်းနှင့်တံတားကြီးများ ငွေကြေးအမြောက်အမြားကျခံသုံးစွဲလျက် တည်ဆောက်ဖောက်လုပ်ပေးလျက်ရှိသည်။

လေ့လာခဲ့

မြန်မာ့အလင်းသတင်းအဖွဲ့သည် တနင်္သာရီတိုင်း၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရေးသားတင်ပြနိုင်ရန် မြိတ်မြို့သို့ ရောက်ရှိနေခိုက် တိုင်းဆောက်လုပ်ရေးမှ တာဝန်ရှိသူများ၏ စီစဉ်ကူညီပေးမှုဖြင့် ကျွဲကူး-ကျောက်ဖျာတံတားသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

ကုန်းတွင်းထွက်ပေါက်

ယင်းကျွဲကူး-ကျောက်ဖျာတံတားသည် မြိတ်မြို့၏ အဓိက ကုန်းတွင်းထွက်ပေါက်ဖြစ်သည်။ ကျွဲကူး-ကျောက်ဖျာတံတား တည်ဆောက်ပေးနိုင်ခဲ့မှုကြောင့် မြိတ်ကျွန်းစုတစ်ဝိုက်မှ ဒေသခံပြည်သူများ ထားဝယ်နှင့် ရန်ကုန်မြို့အထိ သွားလာနိုင်ကြပြီဖြစ်သည်။ တံတားကြီးသို့ မြိတ်မြို့မှ ကားဖြင့်သွားလျှင် မိနစ် ၂၀ ခန့်သွားရပြီး ၁၀ မိုင်ခန့် ကွာဝေးကြောင်း သိရသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ■

သတင်းခရီးသည်	-	မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း	-	အောင်သန်း (မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု	-	မင်းထွန်း (မြန်မာ့အလင်း)

တနင်္သာရီတိုင်း မြိတ်မြို့နယ် ကျွဲကူးကျေးရွာနှင့် ကျောက်ဖျာကျေးရွာအကြား အရှည် ၃၆၁၂ ပေ ရှည်လျားသော ကျွဲကူး-ကျောက်ဖျာ သံကူကွန်ကရစ်တံတား၏ သပ်ရပ်လှပခံ့ညားမှုမြင်ကွင်း....။ (မြန်မာ့အလင်း)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းရင်းသားရိုးရာ ရက်ကန်းပညာများ ထိန်းသိမ်း၍ ခေတ်မီဒီဇိုင်းအမျိုးမျိုး ရက်လုပ်ပေးနေသည့် ဖလမ်းမြို့ အခြေခံ အထက်တန်းရက်ကန်းကျောင်း

➤ သတင်းခရီးသည် - မျိုးမင်းသိန်း(မရမ်းကုန်း) ➤ ဓာတ်ပုံမှတ်တမ်း - လေးနွယ်(မင်္ဂလာဒုံ) ➤ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို

ဖလမ်း နိုဝင်ဘာ ၂၀

မြူများမှိုင်းဝေလျက် အကွေ့အကောက်များစွာသော တောင်တန်းပြာကြီးတစ်လျှောက်မှာ ပေါက်ရောက်နေသော ထင်းရှူးပင်များနှင့်အတူ ပန်းချယ်ရီ ဖြူနီတောင်ဇလပ်ပန်းတို့၏ နံနက်ခင်းဆည်းဆာ သဘာဝရှုခင်းအလှကို ကြည်နူးစွာ ငေးမောကြည့်ရင်း *စာမျက်နှာ ၁၁ ကော်လံ ၁* ●

ချင်းပြည်နယ် ဖလမ်းမြို့ အခြေခံ အထက်တန်းရက်ကန်းကျောင်းတွင် ချင်းတိုင်းရင်းသူ သင်တန်းသူများ လေ့လာသင်ကြားရင်း ဤသို့ ရိုးရာမပျက် ဗိုင်းငင်နေကြသည်မှာ....။ (မြန်မာ့အလင်း)

21-11 (20).pmd 1 11/21/2008, 2:55 AM